


# ခန္ဓာကပြောလာတာ ယုံလိုက်စမ်းပါ

## ဝိပဿနာရှုနည်း

(၂၇၆)

ဟောကြားသည့်နေ့
၅ - ၂ - ၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ခန္ဓာကပြောလာတာ ယုံလိုက်စမ်းပါ

(ဝိပဿနာရှုနည်း)

SARPARAMI LIBRARY
Date ........................

ဟောကြားသည့်နေ့

(၅-၂-၆၁)

စာမူခွင့်ပြုချက်အမှတ် - ၆၄/၉၅ (၆)
အဖုံးခွင့်ပြုချက်အမှတ် - ၁၂/၉၅ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# "ခန္ဓာကပြောလာတာ ယုံလိုက်စမ်းပါ"

## (ဝိပဿနာရှုနည်း)

ဟောကြားသည့်နေ့ (၅-၂-၆၁)

ဒကာ ဒကာမတို့ သစ္စာတရားကို ပဋိစ္စသမုပ္ပါဒ် တရားနှင့် သစ္စာတရားဟာ အတူတူပဲဆိုတာကို ယနေ့ ရှင်းပြမယ် . . . (မှန်ပါ့ဘုရား)၊ အဲဒီတော့ ဒီမနေ့က ပြောခဲ့တဲ့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာ ကိုယ်ကြီးလို့ ပြောလိုက်တယ်၊ ဝေဒနာက္ခန္ဓာဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ၊ ဝေဒနာချည်းဖြစ်တယ်လို့

ဘယ်အခါကာလမှ မယူပါနဲ့ . . . (မှန်ပါ့)၊ ခန္ဓာငါးပါးဟာ တည်ဆဲကာလမှာ တပေါင်းတည်း ဖြစ်တယ်လို့ ယူကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

## ခန္ဓာငါးပါးပေါင်းပြီးဖြစ်တယ်

ဝေဒနာဟာ ဝေဒနာချည်းဖြစ်သလား ကျန်တဲ့လေးပါးနဲ့ ပေါင်းနေသလား . . . (ပေါင်းနေပါတယ်)၊ ဒကာဒကာမတို့ ဝေဒနာဟာ ဝေဒနာချည်းဖြစ်သလား. . . ကျန်တဲ့လေးပါးနဲ့ ပေါင်းနေသလား . . . (ကျန်တဲ့လေးပါးနဲ့ ပေါင်းနေပါတယ်ဘုရား)၊ ကျန်တဲ့လေးပါးနဲ့ ပေါင်းနေတယ်ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါဘုရား)။

အဲဒီတော့ ကျန်တဲ့လေးပါးနဲ့ ပေါင်းပြီးသကာလ နေတော့ ပြောတော့သာ ဝေဒနာက္ခန္ဓာလို့ဆိုတာ . . . တဲ့ အားလုံး ခန္ဓာငါးပါးပေါင်းပြီးသကာလ ဖြစ်တယ်လို့ ဒကာဒကာမတွေ အားလုံးမှတ်ထားပါနော်. . . (မှန်ပါ)၊ ကောင်းပြီဒါဖြင့် ဒီခန္ဓာငါးပါးသည် ဘယ်ကလာသတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ **ကံ, စိတ်**၊ ဥတု၊ **အာဟာရ** ကြောင့် ရုပ်တရားလာတယ်ဆိုတာ သိကြမှာပဲ၊ အာရုံဒွါရကြောင့် နာမ်တရားလာတယ်ဆိုတာ မသိကြသေးဘူးလား . . . (သိကြပါတယ်ဘုရား)။

## အကြောင်းတွေက ပြုပြင်လို့ပေါ်လာတာ

ကောင်းပြီ. . . ဒါဖြင့် ဒီခန္ဓာငါးပါးသည် အကြောင်းကင်းပြီးပေါ်သလား၊ အကြောင်းတွေက ပြုပြင်လို့ ပေါ်သလားဆိုတာ စဉ်းစားပါ . . . (အကြောင်းတွေက ပြုပြင်လို့ ပေါ်တာပါ)၊ အကြောင်းတွေက ပြုပြင်လို့ ပေါ်လာတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်)၊ ကောင်းပြီ အကြောင်းတွေက ပြုပြင်လို့ ပေါ်လာတော့ ဤဟာသည်ကား . . . လို့ ဆိုလို့ရှိရင် သင်္ခတ တရားလို့ မှတ်လိုက်စမ်းပါ။

ဒီခန္ဓာငါးပါးကို ဘာတရားခေါ်ကြမယ် . . . (သင်္ခတ တရားပါဘုရား)၊ သင်္ခတ တရားလို့ သေသေချာချာ မှတ်ပါ၊ ဘယ့်နှယ်ကြောင့် သူ့ကို သင်္ခတ တရားလို့ ဆိုရသတုံး . . . ဆိုတော့ သူက ပြုပြင်လို့ ပေါ်နေတဲ့ တရားကိုး . . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘယ့်နှယ်ဆိုကြမယ် . . . (ပြုပြင်လို့ ပေါ်နေတဲ့တရားပါ)၊ ဒါဖြင့်ပြုပြင်လို့ ပေါ်လာတဲ့တရားဟာ ပြုပြင်တဲ့ သတ္တိကုန်ရင် ဘာဖြစ်မယ် ထင်ကြသလဲ . . . (ပျက်သွားပါတယ်ဘုရား)။

ပျက်စီးသွားတယ်၊ ပြုပြင်တဲ့ သတ္တိကုန်ရင် . . . (ပျက်စီးသွားပါတယ်)၊ ပျက်စီးသွားမယ်ဆိုတော့ ဩော် . . . တို့ခန္ဓာငါးပါးကြီးဟာ ကံကပြုပြင်, စိတ်ကပြုပြင်, ဥတုက ပြုပြင်, အာဟာရကပြုပြင်, အာရုံဒွါရကပြုပြင်၊ ပြုပြင်လို့

ခန္ဓာငါးပါး ရုပ်, နာမ်နှစ်ပါးပေါ်နေတယ်၊ ပြုပြင်တဲ့တရား အရှိန်အစော် အာနုဘော်သတ္တိကုန်ဆုံးမယ် ဆိုလို့ရှိရင် ဒကာ ဒကာမတွေ ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ . . . (မရှိတော့ ပါဘုရား)၊ ပျက်စီးသွားမယ်။

ဒါဖြင့် ကျုပ်တို့ခန္ဓာကိုယ်ကြီးဟာ ပြုပြင်လိုက်၊ ပြုပြင်လို့ပေါ်လာလိုက်၊ အရှိန်အစော်ကုန်လို့ ပျက်စီးလိုက်၊ ခန္ဓာငါးပါးကြီးဟာဖြင့် ဒကာ ဒကာမတို့ ဝေဒနာလဲ အတူတူ ပဲ၊ ကျန်တဲ့ခန္ဓာတွေလဲ အတူတူပဲ၊ ပြုပြင်လိုက်၊ ပြုပြင်လို့ ပေါ်လာလိုက်၊ အကြောင်းတရားကုန်သွားလိုက်၊ ပျက်စီးလိုက် ဆိုရင်လွဲပါ့မလား . . . (မလွဲပါဘုရား)၊ ရှင်းကြပလား . . . (မှန်ပါဘုရား)၊ ခန္ဓာငါးပါးသည် ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်အခါ ကာလမှမြဲလိမ့်မယ်၊ ခိုင်လိမ့်မယ်၊ တည်တံ့ လိမ့်မယ်ဆိုတဲ့ဥစ္စာ ပြောစရာ အချက်, အလက်, အကွက် ပါ, ပါရဲ့လား . . . (မပါ, ပါဘုရား)။

## ပြုပြင်လို့ပေါ်လာတဲ့ သင်္ခတ တရား

ဘာပြုလို့တုံး. . . ဆိုလို့ရှိရင် ပြုပြင်လို့ပေါ်လာတဲ့ သင်္ခတ တရားလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)၊ ဘယ်လိုမှတ်ကြမယ် . . . (ပြုပြင်လို့ပေါ်လာတဲ့သင်္ခတ တရားပါ)၊ ပြုပြင်လို့ပေါ်လာတဲ့ သင်္ခတ တရားဖြစ်တော့

ပြုပြင်တဲ့ အရှိန်အစော်လဲ ကုန်ပါရော ပျက်စီးခြင်းသို့ ရောက်ပါရော ဆိုလို့ရှိရင် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ဘာတရားလို့ ခေါ်ကြမယ် . . . (သင်္ခတ တရားပါ)၊ သင်္ခတ တရားလို့ ခေါ်ဖြစ်အောင် ခေါ်ကြပါ ဒကာ ဒကာမတို့ . . . (မှန်ပါ့)၊ သင်္ခတ တရားလို့ ခေါ်ဖြစ်အောင် ခေါ်လိုက်တဲ့အခါကျတော့ ရှင်းသွားတယ်၊ ဩော် . . . သင်္ခတ တရားဆိုတာ ပြုပြင်မှ ပေါ်တဲ့တရား၊ သင်္ခတ တရားဆိုတာ ဘာဆိုကြမယ် . . . (ပြုပြင်မှ ပေါ်တဲ့တရားပါဘုရား)၊ ပြုပြင်မှ ပေါ်တဲ့တရားကို ဘာတရားလို့ ခေါ်ကြမယ် . . . (သင်္ခတ တရားပါဘုရား)။

## ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်တာ

ဒါဖြင့် ဒကာ ဒကာမတို့ ရှေးတုန်းက ပြုပြင်လို့ ပေါ်ပြီးပြုပြင်တဲ့ တရားက အကြောင်းတွေ သိမ်းလိုက်တဲ့ အခါကျတော့ သင်္ခတ ခန္ဓာကြီးဟာ ပျက်စီးခြင်းသို့ ရောက်ပါတယ် . . . (ရောက်ပါတယ်ဘုရား)၊ ဒီလိုရောက်လာတာ ဘယ်လောက်ကြာပြီလဲလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမလဲ . . . (မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်ဘူးဆိုတဲ့ အဖြေတွေ အများကြီးထွက်မယ် . . . (ထွက်ပါတယ်ဘုရား)၊

ကိုင်း. . . ဒကာ ဒကာမတို့ ကံကပြုပြင်လိုက်၊ စိတ်ကပြုပြင်လိုက်၊ ဥတုက ပြုပြင်လိုက်တော့ ဒီခန္ဓာငါးပါးကြီးဟာ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

သူ့ကို ဘာတရားခေါ်ကြမလဲ . . . (သင်္ခတတရားပါ)၊ သင်္ခတ တရားသူပြုပြင်တဲ့ အကြောင်းတွေက သတ္တိတွေက ကုန်သွားတဲ့အခါကျတော့ ခန္ဓာငါးပါးကြီး ဘာလုပ်ကြမယ် . . . (ပျက်စီးပါတယ်ဘုရား)၊ ပျက်စီးသွားတယ်ဆိုတာ ဦးခင်မောင်ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)၊ ဒါဖြင့် သူ့ကို ဘာတရားခေါ်ကြမယ် . . . (သင်္ခတတရားပါဘုရား)။

ဩော် . . . ဒါဖြင့် ကျုပ်တို့ သင်္ခတနယ်ထဲ နေရတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီ)၊ ဘယ်ထဲမှာ နေကြရတယ် . . . (သင်္ခတနယ်ထဲ နေကြရပါတယ်)၊ သင်္ခတနယ်ထဲ နေရတယ်ဆိုတာ ဒကာ ဒကာမတို့ သဘောကျပလား . . . (ကျပါပြီ)၊ ဒါဖြင့် သင်္ခတနယ်ထဲ နေလို့ရှိရင် ဖြစ်လိုက်, ပျက်လိုက်ဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား)၊ သင်္ခတနယ်ထဲနေရင် . . . (ဖြစ်လိုက်, ပျက်လိုက်ပါဘုရား)။

## ခဏ ခဏ ဖြစ်ပျက်နေတဲ့ ခန္ဓာ

သင်္ခတနယ်ထဲနေရင်. . . (ဖြစ်လိုက်, ပျက်လိုက်)၊ ဖြစ်လိုက်, ပျက်လိုက်နဲ့ နေရတော့မယ် ဆိုလို့ရှိရင် ဒကာ ဒကာမတွေက ဩော်. . . ဒီခန္ဓာကြီး ရ, ထားတာ ကောင်း ကောင်းမနေရ၊ ခဏ ခဏ ပျက်နေတဲ့ ခန္ဓာကြီးပါကလား ဆိုလို့ရှိရင် လွဲသေးသလား . . . (မလွဲပါဘုရား)၊ ဘယ့်နှယ် ကြောင့် ခဏ ခဏဖြစ်၊ ခဏ ခဏပျက်ပါလိမ့်မတုံးလို့ သူ့ကို မေးကြည့်ပြန်တော့ သူက သင်္ခတ တရားလို့ အစီအရင်ခံပါ လိမ့်မယ်၊ သင်္ခတ တရားလို့ အစီအရင်မခံဘူးလား . . . (ခံပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခတဓမ္မဆိုတာ ဒီဥစ္စာပါပဲ၊ ပြုပြင်နိုင်မှ ဖြစ်ပေါ်တဲ့ တရားကို ဘာတရား ခေါ်ကြမယ် . . . (သင်္ခတ တရားပါ)၊ ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခတ ဒုက္ခ၊ သင်္ခါရဒုက္ခ အတူတူပါပဲ၊ ဒီခန္ဓာကြီး ရ, ထားကတည်းကိုက ဒကာ ဒကာမတို့ အစားနဲ့ ပြုပြင်ရတာ ကတစ်မျိုး၊ အဝတ်နဲ့ ပြုပြင်ရတာက တစ်မျိုး၊ ကံနဲ့ ပြုပြင် ရတာကကော . . . (ပါ, ပါတယ်ဘုရား)။

အာဟာရနဲ့ ပြုပြင်ရတာကော . . . (ပါ, ပါတယ်)၊ အာရုံဥတုနဲ့ ပြုပြင်ပေးနေရတာကော . . . (ပါ, ပါတယ်)၊ ဒါဖြင့် ဒီထဲမှာ ခဏ ခဏ တစ်နေ့မှ မပြုပြင်ရတဲ့အချိန် မရှိ၊ တစ်နာရီ

တစ်စက္ကန့်မှ မနားမနေ ပြုပြင်နေရတဲ့ အချိန် ချည်းပဲလို့ ဆိုလို့ရှိရင်လွဲပါ့မလား . . . (မလွဲပါဘုရား)။

ဒါဖြင့် ဘာတရားပါလိမ့် . . . (သင်္ခတ တရားပါ)၊ ဒကာ ဒကာမတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီး ရ, ထားတာကဖြင့် ပြုပြင်ပြီးသကာလ နေရတာပဲ၊ ဘာပြုလို့ ထပ်ပြန်တလဲလဲ ပြုပြင်နေရသလဲလို့ ဆရာဘုန်းကြီးကမေးလို့ရှိရင် ပျက်, ပျက် သွားလို့၊ ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ . . . (ပျက်, ပျက် သွားလို့ပါဘုရား)။

ပျက်, ပျက်သွားတော့ မပြုပြင်ရင်လဲ အစားထိုးစရာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီးကို ဘာ တရားလို့ ခေါ်ကြမလဲ . . . (သင်္ခတ တရားလို့ ခေါ်ပါတယ် ဘုရား)။

## သင်္ခတဆိုတာ ဖြစ်မှုပျက်မှုရှိတယ်

အဲ. . . သင်္ခတဆိုတာတော့ ဖြစ်မှု, ပျက်မှုရှိတယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်လှပါဘုရား)၊ ဦးခင်မောင် ဘာခေါ် ကြမယ် . . . (ဖြစ်မှု, ပျက်မှုပါဘုရား)၊ ကိုမြရွှေ ဘာခေါ်မယ် . . . (ဖြစ်မှု, ပျက်မှုပါဘုရား)၊ ဖြစ်မှု, ပျက်မှုဆိုရင် ပြုပြင်လိုက် ရင် ဖြစ်တာပဲ၊ မပြုပြင်လိုက်ရင် . . . (မဖြစ်ပါဘုရား)၊ ပြုပြင် လိုက်ရင် ဖြစ်တယ်၊ မပြုပြင်လိုက်ရင် . . . (မဖြစ်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာငါးပါးကြီးကို ဘာတရားခေါ်ကြမလဲ. . . (သင်္ခတ တရားပါဘုရား)၊ သင်္ခတ တရားခေါ်ကြတော့ ဩော်. . . ခန္ဓာကိုယ်ကြီးဟာ ပြုပြင်နိုင်မှုဖြစ်ပေါ်ကြတဲ့ သင်္ခတ တရားတွေပါကလားလို့ ယနေ့သေသေချာချာ မှတ်ထားပါ. . . (မှန်လှပါဘုရား)။

## ပဋိစ္စသမုပ္ပန္နတရား

အဲဒီတော့ ဒီသင်္ခတ တရားကိုပဲ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပန္နတရားလို့လဲဆိုပါ ဦးခင်မောင်ရ . . . (မှန်လှပါဘုရား)၊ ပဋိစ္စသမုပ္ပန္နတရားလို့ ဆိုလိုက်စမ်းပါ . . . (မှန်ပါ့)၊ ဘာပြုလို့တုံး၊ ဟေတု အကြောင်းတွေက ပြုပြင်တော့ ဒါဟာ အကျိုးတရားမဖြစ်ဘူးလား . . . (ဖြစ်ပါတယ်)၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးခန္ဓာကြီးဆိုရင်လည်း လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒါဖြင့် သူ့ကို သင်္ခတ တရားလို့ကော ဆိုလိုလည်းဆိုပါတော့၊ ပဋိစ္စသမုပ္ပန္နတရားလို့လဲ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် သင်္ခတ တရားလို့လည်းဆိုနိုင်၊ ပဋိစ္စသမုပ္ပန္နတရားလို့လဲဆိုနိုင်တယ်ဆိုတာကော သဘောကျပလား . . . (ကျပါပြီ)၊ ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်ပေါ်လာတဲ့ ဥပမာ ဒီထဲမှာ

ဝေဒနာပါတယ်၊ ဝေဒနာက မကုန်သေးလို့ ဝေဒနာပစ္စယာတဏှာ ဆိုပြန်တော့ ဝေဒနာက မပြုပြင်ဘဲနဲ့ တဏှာပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)။

ဒါဖြင့် ဒီတဏှာကိုလည်း ဘာတရားခေါ်မလဲ . . . (သင်္ခတ, တရားပါ)၊ သင်္ခတ, တရားပဲခေါ်ရလိမ့်မယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

တဏှာပြီး ဥပါဒါန် ဆိုတာကော တဏှာက ပြုပြင်လို့ ဥပါဒါန်ဖြစ်လာသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ . . . (ပဋိစ္စသမုပ္ပန္နတရား)၊ သင်္ခတ တရား, ပဋိစ္စသမုပ္ပန္နတရား၊ စေတနာဆိုအတည့်ပဲ . . . (မှန်ပါ့)၊ မတည့်ဘူးလား . . . (တည့်ပါတယ်)၊ ဥပဒါနပစ္စယာ ကမ္မဘဝေါ ဆိုတာကော . . . (သင်္ခတ တရားပါဘုရား)။

အင်း. . . သင်္ခတ တရား, ပဋိစ္စသမုပ္ပန္နတရားလို့ အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတရားတွေဟာ ပြုပြင်လိုက်, ပျက်လိုက်, ပြုပြင်လိုက်, ပျက်လိုက်၊ ပြုပြင်တဲ့ တရားကလည်း ပြုပြင်လိုက်, ပျက်စီးသွားလိုက် ပြုပြင်လိုက်, ပျက်စီးသွားလိုက်ဆိုတဲ့ အခိပ္ပါယ်ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ခန္ဓာကြီးမှာ ဖြစ်မှုပျက်မှုပဲရှိတယ်

ဒါကြောင့် ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာရှိပါလိမ့် မတုံးလို့ မေးကြပါစို့နော်၊ ဒကာ ဒကာမတွေ ဒီခန္ဓာကြီးမှာ ပုံသေသဘော ဘာရှိပါလိမ့်မတုံးလို့ မေးကြတဲ့အခါကျမှ ပြုပြင်တုံး ပေါ်တာပဲ၊ ပြုပြင်တဲ့ အချိန်ပေါ်၊ ပေါ်တဲ့အချိန် ပျက်စီးတာပဲဆိုတော့ ဒီခန္ဓာကြီးမှာ ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ် . . . (မှန်ပါ)၊ ဘယ်လိုမှတ်ကြမလဲ . . . (ဖြစ်မှုနဲ့ပျက်မှုပဲ ရှိပါတယ်ဘုရား)။

## ခန္ဓာကိုယ်၏ စွမ်းရည်သတ္တိပြောစမ်းပါ

ဒီ. . . ခန္ဓာကိုယ်ကြီး၏ စွမ်းရည်သတ္တိ ပြောစမ်းပါ၊ ဒကာ ဒကာမတွေ ဘယ်လိုပြောကြမလဲ . . . (ဖြစ်မှု ပျက်မှုပဲ ရှိပါတယ်ဘုရား)၊ ဖြစ်မှုနဲ့ ပျက်မှုပဲရှိတယ်ဆိုတာ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံး မှာ ကျုပ်တို့သည် ဖြစ်, ပျက်နဲ့ပဲ၊ ဖြစ်လိုက် ပျက်လိုက်၊ အင်း . . . မွေးလိုက်, သေလိုက်, ဆိုကြပါစို့၊ မြန်မာလို ပြန်တော့ နော် . . . (မှန်ပါ့)၊ မွေးလိုက်, သေလိုက်နဲ့ အချိန်ကုန်လာကြ တယ်ဆိုတာဟာ မရှင်းကြသေးဘူးလား . . . (ရှင်းပါပြီ ဘုရား)၊ အနားကော ရှိခဲ့ရဲ့လား . . . (မရှိပါဘုရား)။

မွေးလိုက် . . . (သေလိုက်ပါဘုရား)။

မွေးလိုက် . . . (သေလိုက်ပါဘုရား)။

မွေးလိုက် သေလိုက်ပဲ ခင်ဗျားတို့ကျုပ်တို့ နေခဲ့ရပါတယ်ဆိုတာ ဒကာ ဒကာမတွေ ငြင်းဖို့လိုသေးသလား . . . (မလိုပါဘုရား)။

ဒါဖြင့် ဒီဇာတ်ကို ခင်ဗျားတို့ ဘာဖြစ်လို့ မသိမ်းချင်ပါလိမ့်မလဲ၊ မွေးလိုက်, သေလိုက်၊ မွေးလိုက်, သေလိုက်၊ မွေးလို့ရှိရင်လည်း မသေဘဲနဲ့ ခိုင်မြဲနေလို့ရှိရင်လဲ တော်သေးရဲ့ . . . ၊ အခုတော့ မွေးလိုက်, သေလိုက်၊ ဖြစ်လိုက်, ပျက်လိုက်၊ မွေးလိုက်, သေလိုက်၊ ဖြစ်လိုက်, ပျက်လိုက်ဆိုတဲ့ဥစ္စာ ဦးခင်မောင်တို့ . . . ကိုမြရွှေတို့ ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတွေမကြည့်ဖူးတာနဲ့ မွေးလိုက်, သေလိုက်ကို မတွေ့ဘူး . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)။

## ဝိပဿနာဉာဏ်နဲ့ မကြည့်ရင်

ဘယ်အခါကာလမှ ဝိပဿနာဉာဏ်နဲ့ မကြည့်ဖူးတော့ ဘာတွေ့သတုံး. . . (မွေးလိုက်, သေလိုက်)၊ မွေးလိုက်, သေလိုက်တွေ့ကြရဲ့လား . . . (မတွေ့ပါဘုရား)။

ဩော်. . . မွေးလိုက်, သေလိုက် မတွေ့တာသည် ဒကာ ဒကာမတို့ ဒါဖြင့် သခ်ိတဒုက္ခ မသိဘူးပေါ့ . . . (မှန်ပါ့)၊ ဒါ. . . ဘာဆိုကြမယ်. . . (သခ်ိတဒုက္ခ မသိဘူး, ပါဘုရား)။

အဲ. . . သခ်ိတဒုက္ခကို ဒကာ ဒကာမတွေက မတွေ့ဖူးတော့ သခ်ိတဒုက္ခကို တွေ့ဖူးမှသာလျှင် အသခ်ိတ ဆိုတာကြိုက်မယ်၊ သခ်ိတဒုက္ခတွေ့ဖူးမှ အသခ်ိတ နိဗ္ဗာန်ကို ကြိုက်မယ်. . . (မှန်ပါ့)၊ ရှင်းပလား . . . (မှန်ပါ့)၊ သခ်ိတဒုက္ခတွေ့ဖူးမှ ဘာကြိုက်မယ် . . . (အသခ်ိတနိဗ္ဗာန်ကိုကြိုက်ပါမယ်ဘုရား)။

ဒါကြောင့် ယနေ့. . . တရားစ, ကတည်းက ဦးခင်မောင်တို ဒကာသစ်တို့. . . ကိုမြရွှေတို့ သခ်ိတက စ,၍ ပြောတယ်. . . (မှန်လှပါဘုရား)။

သခ်ိတက စ, ပြောလာတာ ခင်ဗျားတို့. . . သခ်ိတ အကြောင်း ကောင်းကောင်းမသိတဲ့အခါကျတော့ ဩော်. . . ကိုယ့်ခန္ဓာကိုယ်ကြီးဟာ ခဏ ခဏ ဖြစ်ပေါ်လိုက်၊ ခဏ ခဏ ပျက်စီးလိုက်၊ ခဏ ခဏ ဖြစ်ပေါ်လိုက်၊ ခဏ ခဏ ပျက်စီးလိုက်ကို မသိအောင် အဝိဇ္ဇာက ဖုံးထားတဲ့အခါကျတော့ ဦးခင်မောင် သိသေးရဲ့လား . . . (မသိပါဘုရား)။

## ခန္ဓာကို အကောင်းထင်မှာစိုးလို့

မသိတော့ ဒီခန္ဓာကြီးဟာ တစ်နေ့ကြည့်လိုက်လည်း အကောင်း တစ်နေ့ကြည့်လိုက်လည်း အကောင်းပဲလို့ ဒီလို ထင်နေမှာစိုးတဲ့အတွက် သင်္ခတကို ယနေ့ရှင်းပြတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)၊ ဘာရှင်းပါလိမ့် . . . (သင်္ခတကိုရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားပွဲတစ်ပွဲလုံး တရားဟောတဲ့ ပုဂ္ဂိုလ်ရော၊ တရားနာတဲ့ ဒကာ ဒကာမတွေရော ဘာတရားတွေတုံး မေးကြရင် ဘယ့်နှယ်ပြောကြမလဲ . . . (သင်္ခတ တရားတွေပါဘုရား)။

သင်္ခတ တရားတွေဆိုတော့ ဩော်. . . ဟုတ်ပြီ၊ ဒါဖြင့် ယနေ့ဖြင့် သင်္ခတ သဘောသိပြီ၊ ဖြစ်လိုက်, ပျက်လိုက်, မွေးလိုက်, သေလိုက်၊ ဖြစ်လိုက်, ပျက်လိုက်, မွေးလိုက်, သေလိုက် ဒီခန္ဓာကြီးအကြောင်း ကောင်းကောင်း မသိသေးဘူးလား . . . (သိပါတယ်ဘုရား)။

## သင်္ခတ တရားမို့ဖြစ်ပျက်

တဏှာကလေးကလည်း ဖြစ်ပြီးပျက်လိုက်သေးတယ်၊ ဝေဒနာကလေးကလဲ ဖြစ်ပြီး ပျက်သွားတော့ သင်္ခတ တရားမို့ ဖြစ်ပျက်ပဲ မနေဘူးလား . . . (နေပါတယ်ဘုရား)၊ ဝေဒနာ

နောက်ကလိုက်လာတဲ့ တဏှာကလေးကကော . . . (ဖြစ်, ပျက်ပါပဲဘုရား)၊ သင်္ခတ တရားမို့ဖြစ်, ပျက်တယ် . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တဏှာနောက်က လိုက်လာတဲ့ ဥပါဒါန်ကလေးက ကော ဘယ်လိုဆိုကြမလဲ . . . (ဖြစ်, ပျက်ပါပဲ)၊ သင်္ခတ တရားမို့ ဖြစ်, ပျက်ပါပဲ၊ ဥပါဒါန်နောက်ကလာတဲ့ ကံကလေး ကကော . . . (ဖြစ်, ပျက်ပါပဲဘုရား)။

ဩော်. . . ဒါဖြင့် ကျုပ်တို့ သန္တာန်မှာရှိတဲ့ တရား ဟူသရွေ့ သင်္ခတ တရား ဖြစ်, ပျက်ချည်းပဲလို့ မှတ်လိုက်စမ်း ပါ . . . (မှန်ပါ့)၊ ရှင်းပြီနော် . . . (ရှင်းပါပြီ)၊ ကျုပ်တို့ သန္တာန် ဖြစ်တဲ့ တရားဟူသရွေ့ ဘယ့်နှယ်ဆိုကြပါ့မယ် . . . (သင်္ခတ တရားချည်းပဲ)၊ သင်္ခတ တရားမို့ ဘယ်မှာ လမ်းဆုံးပါလိမ့် . . . (ဖြစ်ပျက်မှာ ဆုံးပါတယ်ဘုရား)။

ဖြစ်မှု, ပျက်မှုမှာ လမ်းဆုံးတယ်လို့ ရှင်းရှင်းလင်းလင်း မှတ်ထားလိုက်စမ်းပါ ဒကာ ဒကာမတို့နော် . . . (မှန်ပါ့)၊ သင်္ခတ တရားဟာ ဘယ်မှာလမ်းဆုံးပါလိမ့် . . . (ဖြစ်မှု, ပျက်မှုမှာ လမ်းဆုံးပါတယ်)၊ ဖြစ်မှု, ပျက်မှုမှာ လမ်းဆုံးတယ် ဆိုတာ ဒကာ ဒကာမတွေ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

## အိမ်ကျတော့ ဉာဏ်ကလေးနဲ့ကြည့်စမ်းပါ

ကောင်းပြီ. . . ဒါက ဒကာ ဒကာမတို့ ဘုန်းကြီးများ က ဟောရတာက သင်္ခတ တရားမို့ ဖြစ်ပါတယ်, ပျက်ပါတယ် ဆိုတာ အခု တရားပွဲထဲမှာ ပြောနေငြားသော်လည်း အိမ်ကျတဲ့အခါကျတော့ ဉာဏ်ကလေးနဲ့ ကြည့်စမ်းပါနော် . . . (မှန်ပါဘုရား)၊ အိမ်ကျတော့ ဉာဏ်ကလေးနဲ့ ကြည့်စမ်း ပါ၊ ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ခန္ဓာကိုယ် ထဲက ဟိုနေရာကလည်း ရွရွ, ရွရွ၊ ဒီနေရာကလည်း ရွရွ, ရွရွ၊ ဟိုနေရာက ယားသလိုလို၊ ဒီနေရာက ယံသလိုလို၊ မလာပေ ဘူးလား . . . (လာပါတယ်ဘုရား)။

အဲဒါကလေးတွေက ဘာကလေးတွေလို့ ခင်ဗျား တို့ ထင်ကြမလဲ . . . (ဖြစ်မှု, ပျက်မှုပါဘုရား)၊ အင်း. . . သင်္ခတ တရားမို့ သူတို့သည် ပေါ်လိုက်, ပျက်လိုက်၊ ပေါ်လိုက်, ပျက်လိုက်၊ ဒီလိုမနေပေဘူးလား . . . (နေပါ တယ်ဘုရား)၊ အဲဒါ ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာဖြင့် ပေါ်လိုက်, ပျက်လိုက်နဲ့ သင်္ခတ တရားနဲ့ပဲ အချိန်ကုန်ရမယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ခန္ဓာရတဲ့ ပုဂ္ဂိုလ်သည် သင်္ခတ ခန္ဓာကိုယ်ကြီး ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ မွေးလိုက်, သေလိုက်၊ မွေးလိုက်, သေလိုက်နဲ့ လမ်းဆုံးရမယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျပလား . . . (ကျပါပြီ)။

## ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်

ဒါဖြင့် ခင်ဗျားတို့ ဒီအထဲမှာပဲ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ ပြော် . . . ဒုက္ခသစ္စာနဲ့ ပျော်နေတယ်လို့ ဆိုကြပါစို့ . . . (မှန်ပါ့)၊ ဒီအထဲ ပျော်နေတဲ့ ပုဂ္ဂိုလ်များ . . . (ဒုက္ခသစ္စာနဲ့ ပျော်နေပါတယ်)။

ဖြစ်တဲ့တရားကလည်း သင်္ခတ တရား၊ ပျက်တဲ့တရား ကလဲ သင်္ခတ တရားပဲ၊ ပြုပြင်နိုင်မှ ပေါ်လာတဲ့တရား၊ မပြုပြင်ရင် ပျက်တဲ့တရားဆိုတော့ ခင်ဗျားတို့သည် သင်္ခတ တရားထဲမှာ ပျော်နေတယ် (ဝါ) ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်လို့ဆိုကြပါစို့ . . . (မှန်လှပါဘုရား)၊ သဘော ကျပလား . . . (ကျပါပြီ)၊ ဘာနဲ့ပျော်နေသလဲ . . . (ဒုက္ခ သစ္စာနဲ့ပျော်နေပါတယ်)၊ ဒုက္ခသစ္စာကြီးနဲ့ ပျော်နေတယ်ဆို တာ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)၊ သင်္ခတ တရားဟာ ဖြစ်လိုက် ပျက်လိုက် မနေဘူးလား . . . (နေပါတယ်ဘုရား)။

ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဖြစ်တာလည်း ဒကာ ဒကာမတွေ ဟောပြီးသား ဖြစ်နေတယ်၊ ဖြစ်ရတာလည်း ပျက်မလို့ ဖြစ်လာတာ . . . (မှန်ပါ့)၊ တော်တော်ကြာကျတော့ ဒီပျက်, မလို့ဖြစ်လာတော့ ပျက်လည်းမသွားဘူးလား . . . (ပျက်ပါတယ်)၊ သဘောပါပလား . . . (ပါ, ပါပြီ)၊ ဖြစ်လိုက် ပြီးတော့ ဘာဖြစ်သွားပြန်သတုံး. . . (ပျက်သွားပါတယ် ဘုရား)။

ဒါဖြင့် သူ့ကို ဘာတရားခေါ်ကြမယ် . . . (သစ်တတရားပါဘုရား)၊ ဒါဖြင့် 'သဗ္ဗသင်္ခါရာ ဒုက္ခာ' ဆိုတော့ သူဟာ ဒုက္ခသစ္စာ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်)၊ ဘာဖြစ်သွားပါလိမ့် . . . (ဒုက္ခသစ္စာ ဖြစ်သွားပါတယ်)၊ ဒုက္ခသစ္စာ ဖြစ်သွားတော့ ဒကာ ဒကာမတွေ ပျော်နေတာ ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့်မတုံးဆိုတော့ သစ်တလည်းမသိ၊ သစ်တဟာ ဒုက္ခသစ္စာပဲလို့ကော ဦးခင်မောင်တို့က ဉာဏ်ဝင်သေးရဲ့လား. . . (မဝင်ပါဘုရား)။

## ဉာဏ်မဝင်တော့မသိ ပျော်ပျော်နေတယ်

ဉာဏ်မဝင်တော့ကို. . . တဲ့ ဒကာ ဒကာမတို့ မသိပျော်, ပျော်နေတယ်လို့ ဆိုကြပါစို့ . . . (မှန်လှပါ)၊ ဘယ့်နှယ်ဆိုကြမယ် . . . (မသိပျော်, ပျော်နေပါတယ်ဘုရား)၊ ဘာမသိတာပါလိမ့် . . . (ဒုက္ခလို့ မသိတာပါဘုရား)၊ သစ်တတရားလို့လည်း မသိဘူး၊ ဒီသစ်တ တရားသည် ဒုက္ခသစ္စာပါပဲလို့ကော . . . (မသိပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ သေရင်း ပျော်နေတာပဲလို့ ဆိုရင်တော့ လွဲပါ့မလား . . . (မလွဲပါဘုရား)၊ မွေးရင်းပျော်နေတာပဲဆိုရင်ကော. . . (မလွဲပါဘုရား)၊ မွေးလိုက်, သေလိုက်အပေါ်မှာ ပျော်နေတာပဲဆိုရင်ကော . . . (မလွဲပါဘုရား)။

ဒါဖြင့် ဦးခင်မောင်တို့ ဒကာသစ်တို့ ကိုမြရွှေတို့ စဉ်းစားတာပေါ့၊ ဩော်. . . သေရင်း ပျော်, ပျော်နေတာပါ ကလား၊ သခ်ၤတ မမြင်ဘဲနဲ့ မီးတွေမမြင်ဘဲနဲ့ ပျော်နေတာပါ ကလားဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

ဒါကြောင့် အိမ်ပြန်တဲ့အခါမှာ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကို စောင့်ပြီးသကာလ ကြည့်စမ်းပါ၊ ဆရာဘုန်းကြီးက ဟောလိုက်တယ်၊ ဘုရားက ဟောလိုက်တယ်၊ သခ်ၤတ မမှာလို့ ဟောလိုက်တယ်။

အဲဒီ သခ်ၤတ တရား ဟုတ်, မဟုတ်၊ ပေါ်လိုက်, ပျက်လိုက်မှ ဟုတ်ပါရဲ့လားလို့ အိမ်ကျရင် ပြန်ကြည့်ကြပါနော် . ... (မှန်ပါ့)၊ ပြန်ကြည့်တဲ့အခါကျတော့ ခန္ဓာက သခ်ၤတ သဘောဖြစ်နေသောကြောင့် ဦးခင်မောင်ဘာပဲပြောမယ် ထင်သလဲ၊ သခ်ၤတ လက္ခဏာပဲပြောမယ် . . . (မှန်လှပါဘုရား)။

## ဉာဏ်နားကလေးနဲ့ ထောင်ကြည့်စမ်းပါ

ဒကာ ဒကာမတွေ ဘာပြမယ်ထင်သလဲ. . . (သခ်ၤတလက္ခဏာပဲပြပါတယ်ဘုရား)၊ သခ်ၤတ သဘောရှိလည်း ဘာပြောမယ်ထင်တုံး၊ ဖြစ်ပျက်ပြောမယ်၊ သခ်ၤတ လက္ခဏာပဲ မပြောပေဘူးလား . . . (ပြောပါတယ်ဘုရား)၊ အဲဒီလို

ပြောတာကို ဒကာ ဒကာမတွေက ဉာဏ်နားကလေးနဲ့ ထောင်ကြည့်စမ်းပါ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

သစ္စာ လက္ခဏာတွေကို သူမပြောပေဘူးလား . . . (ပြောပါတယ်)၊ ပြောတာကို ဘာနဲ့ထောင်ကြည့်ရမယ် . . . (ဉာဏ်နားနဲ့ထောင်ကြည့်ရပါမယ်)၊ ဉာဏ်နားနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ထောင်ကြည့်လိုက်တဲ့အခါကျတော့မှ ဩော် . . . ဒါဖြင့် တို့ဟာ သစ္စာ နယ်ထဲရှိပါသေးကလား . . . (မှန်ပါ)၊ ဘယ်နယ်ထဲရှိသတုံး. . . (သစ္စာ နယ်ထဲ ရှိပါတယ်ဘုရား)။

သစ္စာ နယ်ထဲ ရှိပါသေးကလားဆိုတာ ဉာဏ်ထဲမှာ စိုက်ကြည့်တဲ့ ပုဂ္ဂိုလ်ကျတော့ တွေ့လည်းတွေ့ပြီဆိုတော့ မပြော ပေဘူးလား . . . (ပြောပါတယ်ဘုရား)။

## ထိုင်နေရင်းလည်း ဖြစ်လိုက်ပျက်လိုက်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လို လုပ်ကြမယ်၊ သစ္စာ နယ်ထဲမှာဖြင့် ဖြစ်ပြီးပျက်တာမှ တစ်ပါး ဘာရှိသေးသတုံး . . . (ဘာမှမရှိပါဘုရား)။

ဒါဖြင့် သစ္စာ နယ်ထဲနေသရွေ့ ကာလပတ်လုံးဖြင့် ခိုင်ပါစေတော့၊ မြဲပါစေတော့၊ တည်တံ့ပါစေတော့ဆိုတဲ့ သဘောတွေရပါ့မလား . . . (မရပါဘုရား)၊ ဖြစ်လိုက်

ပျက်လိုက်ပဲ နေရမယ် မဟုတ်လား . . . (နေရပါမယ်)၊ ထိုင်နေရင်းလည်း ဖြစ်လိုက်ပျက်လိုက်ပဲ၊ သွားနေရင်းလည်း . . . (ဖြစ်လိုက်ပျက်လိုက်) ရပ်နေရင်းလည်း . . . (ဖြစ်လိုက်ပျက်လိုက်ပါပဲဘုရား)။

အေး. . . ဒါကြောင့် ဖြစ်လိုက် ပျက်လိုက်ချည်းပဲ အချိန်တွေက အကုန်, ကုန်ပြီးသကာလ ဖြစ်ပျက်နဲ့ပဲ အချိန်ကုန်နေရတော့ နောက်တစ်ခါ ခန္ဓာဆုတောင်းလိုက်ပြန်တော့ ခန္ဓာရလာတာပဲ . . . (မှန်ပါ့)၊ သခ်ၤတ ခန္ဓာကြီးပဲ ရပြန်တယ် ဦးခင်မောင်ရ . . . (မှန်ပါ့ဘုရား)၊ ဘာရပြန်သတုံး . . . (သခ်ၤတ ခန္ဓာကြီးပဲရပြန်ပါတယ်)၊ ရပြန်တော့ ဘာတွေများ ကျုပ်တို့အနေနဲ့ ပိုင်ပိုင်ဆိုင်ဆိုင် ရပါလိမ့်မတုံး. . . ဆိုတော့ ဖြစ်ပျက်ပဲ ပြန်ရတယ်၊ သဘောကျပလား . . . (မှန်ပါဘုရား)၊ ဖြစ်ပျက်ပဲ ပြန်မရဘူးလား . . . (ရပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဆုတောင်းတာသည် ဒကာ ဒကာမတို့ ဖြစ်ပြီးပျက်တဲ့ဒုက္ခ ရ, ရပါလို၏. . . တောင်းတာနဲ့ ထူးသေးသလား . . . (မထူးပါဘုရား)၊ လူဖြစ်ရပါလို၏ ဆိုတော့ ဖြစ်ပျက် သခ်ၤတဒုက္ခ ရ, ရပါလို၏ သဘောကျပလား. . . (မှန်ပါ့)၊ နတ်ဖြစ်ရပါလို၏ ဆိုရင်ကော . . . (သခ်ၤတဒုက္ခ ရ, ရပါလို၏)၊ ဖြစ်ပျက် သခ်ၤတဒုက္ခ ရ, ရပါလို၏၊ ပြဟ္မာဖြစ်ရပါလို၏ဆိုရင်ကော . . . (ဖြစ်ပျက် သခ်ၤတဒုက္ခ ရ, ရပါလို၏)။

## ဆုတောင်းယူတာရှုးလို့

ဒါဖြင့် . . . ဦးခင်မောင်တို့၊ ကိုမြရွှေတို့ စဉ်းစားပါ၊ ဒုက္ခသစ္စာ ဆုတောင်းယူတဲ့ ပုဂ္ဂိုလ်ဟာ ရှုးလို့လား၊ မရှုးလို့လား အကဲခတ်ကြည့်စမ်း . . . (ရှုးလို့ပါဘုရား)၊ ပေါ်ကြပလား ဒကာ ဒကာမတို့ . . . (ပေါ်ပါပြီဘုရား)။

ဒုက္ခသစ္စာ ဆုတောင်းယူတာ သခ်ာတဒုက္ခ ဆုတောင်း ယူတဲ့ပုဂ္ဂိုလ်များ ရှုး၊ မရှုးအကဲခတ်ကြည့်စမ်း . . . (ရှုးပါ တယ်ဘုရား)၊ **ပုထုဇ္ဇနော ဥမ္မတ္တကော** ဆိုတာ သဘောကျ ပလား. . . (ကျပါပြီ)၊ **အန္ဓပုထုဇဉ်** အကန်းဆိုတာကော သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် အခုတရားတစ်ပွဲလုံး တရားနာ နေတဲ့ပုဂ္ဂိုလ်တွေ များပါတယ်၊ ဘာခန္ဓာတွေပါလိမ့် . . . (သခ်ာတခန္ဓာတွေပါဘုရား)၊ သခ်ာတခန္ဓာ သဘောကျပြီနော် . . . (မှန်ပါ့)၊ သခ်ာတခန္ဓာဆိုတာ ဘာပါလိမ့် . . . (ဖြစ်ပျက် ပါဘုရား)၊ ဖြစ်ပြီးပျက်နေတဲ့ တရားတွေပဲရှိတယ် . . . (မှန်ပါ့)၊ ခိုင်တဲ့၊ မြဲတဲ့တရား ဒီအထဲမှာပါသေးသလား . . . (မပါ၊ ပါဘုရား)၊ ဘယ်တရားတွေသာ ရှိပါလိမ့် . . . (ဖြစ်ပြီး ပျက်တဲ့တရားပဲ ရှိပါတယ်ဘုရား)၊ ဖြစ်ပြီးပျက်တဲ့ တရားမှ တစ်ပါးဘာရှိသေးသလဲ . . . (ဘာမှမရှိပါဘုရား)၊ အကြိမ် ပေါင်းများစွာ ဖြစ်ပျက်နေတယ် ဆိုတာကော မသေချာဘူး လား . . . (သေချာပါတယ်ဘုရား)။

## သစ်ိတသိမှ အသစ်ိတကူးပါ

အဲဒါဖြင့် သေချာတော့မှ ဖြော် . . . တို့သည်ကား လို့ဆိုလို့ရှိရင် သစ်ိတသိမှ ဘုန်းကြီးက ဒကာ ဒကာမတို့ အသစ်ိတဆိုတာ ကူးကြပါလို့ ပြောရဲတယ် . . . (မှန်လှပါ ဘုရား)၊ သစ်ိတမှ လည်လည်ပတ်ပတ် ဘုန်းကြီးက ပြောလို့ ဒကာ ဒကာမတွေက နားမဝင်ကြသေးဘူးဆိုရင် သစ်ိတပဲ ပြောနေရမယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါ ပြီဘုရား)။

သစ်ိတမှ သဘောမကျလို့ရှိရင် အသစ်ိတနိဗ္ဗာန်ကို ဒကာ ဒကာမတို့ ဘယ်သူသွားချင်မလဲ . . . (မှန်လှပါ)၊ သွားချင်ပါ့မလား . . . (မသွားချင်ပါဘုရား)၊ သစ်ိတဒုက္ခကိုမှ နားမလည်တဲ့ ပုဂ္ဂိုလ်များသည် အသစ်ိတခေတ်နိဗ္ဗာန်မြတ်ကို ဘယ်လိုရောက်ချင်စိတ်ဟာ ဘယ်လိုကူးကူး မပေါ်ဘူး . . . (မှန်လှပါဘုရား)၊ ဦးခင်မောင် ပေါ်ပါ့မလား . . . (မပေါ်ပါ ဘုရား)၊ ကိုမြရွှေပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)၊ ဘာသိ မှတုံး ဒါဖြင့် . . . (သစ်ိတသိမှပါဘုရား)၊ သစ်ိတဒုက္ခသိမှ အသစ်ိတသုခကို ကြိုက်မယ် . . . (မှန်ပါ့)၊ အသစ်ိတဆိုတာ နိဗ္ဗာန်၊ သုခက ချမ်းသာကိုခေါ်တာ . . . (မှန်ပါ့)၊ သဘော ကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့်. . . နိဗ္ဗာန်သွားချင်တဲ့ ပုဂ္ဂိုလ် ဒုက္ခခပ်သိမ်း ကင်းငြိမ်းသော နိဗ္ဗာန်သွားချင်တဲ့ ပုဂ္ဂိုလ်ဟူသရွေ့သည် ဒီအတိုင်းသွားလို့ ဖြစ်သလား. . . တဲ့၊ သစ္စာတက ဆင်းပြီး သွားရမှာလားဆိုတာ ယနေ့ တရားပွဲမှာ ရှင်းရှင်းလင်းလင်း ပြောမယ် . . . (မှန်လှပါဘုရား)။

## သစ္စာမမြင်ရင် နိဗ္ဗာန်မရောက်

သစ္စာ မမြင်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မရောက်လို့ မှတ် . . . (မှန်ပါဘုရား)၊ ဘယ်လိုမှတ်ကြမယ် . . . (သစ္စာ မမြင်တဲ့ပုဂ္ဂိုလ်ဘယ်တော့မှ မရောက်ပါ)၊ သစ္စာ ဒုက္ခမမြင် တဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ အသစ္စာဆိုတဲ့ နိဗ္ဗာန်ဘက်ကို . . . (မရောက်ပါဘုရား)၊ ရောက်နိုင်ပါ့မလား . . . (မရောက်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့. . . ကျုပ်တို့ နိဗ္ဗာန်ကို ကွေ့ကွင်း သွားခဲ့သလို အခြားပုဂ္ဂိုလ်သတ္တဝါတွေလည်း အများကြီး ကျန်ရစ် တယ်ဆိုတာ မေးရင် ခင်ဗျားတို့ ရှင်းလောက်ပါပြီ . . . (မှန်ပါဘုရား)၊ သစ္စာဒုက္ခကို မသိတဲ့ပုဂ္ဂိုလ် ဟူသရွေ့သည် နိဗ္ဗာန်ကို မရောက်၊ အများကြီး ကျန်ရစ်လိမ့်မယ်ဆိုတာ ဆုံးဖြတ်ချက်ကို ချပါ. . . (မှန်လှပါဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီ)၊ သစ္စာဒုက္ခမှ မမြင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နှယ် ဆိုကြပါမယ် . . . (အကုန်ကျန်ရစ်ပါလိမ့်မယ်ဘုရား)။

## ဘုရားအဆူဆူက တရားမဟောလို့လား

အကုန် ကျွန်ရစ်လိမ့်မယ်ဆိုတာ ကျုပ်တို့ ဘုရားအဆူဆူသည် တရားမဟောလို့ ကျွန်ရစ်တာလား၊ ကျုပ်တို့ ကိုယ်တိုင်ဉာဏ်နဲ့ သစ္စာဒုက္ခကို ဘုရားဟောတဲ့အတိုင်း မမြင်လို့ ကျွန်ရစ်တာလားဆိုတာ သေသေချာချာ စဉ်းစားပါ . . . (မမြင်လို့ ကျွန်ရစ်တာပါဘုရား)၊ မမြင်လို့ ကျွန်ရစ်တယ်လို့ ဒီဒကာ ဒကာမတွေ ဝန်ခံနိုင်ကြပါ့မလား . . . (ခံနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝလဲ ဆရာဘုန်းကြီးက ဟောပြန်တာပဲ၊ သစ္စာဒုက္ခကို မြင်အောင်ကြည့်ပါ . . . (မှန်ပါ့)၊ ဟောပြီး၊ ဦးခင်မောင်ရဲ့ . . . (မှန်လှပါ)၊ မဟောရပေဘူးလား . . . (ဟောရပါတယ်ဘုရား)၊ ဒီဟာတွေမမြင်ဘူး ဆိုလို့ရှိရင်တော့ သုံးဆယ့်တစ်ဘုံအတွင်း အိုဘေး၊ နာဘေး၊ သေဘေးနဲ့ပဲ ကျွန်ရစ်ပေတော့ . . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ငွေတွေ၊ ရွှေတွေ၊ ဘာတွေအမျိုးမျိုးအဖုံဖုံတွေနဲ့ နေရစ်ခဲ့ကြပေတော့၊ ဘာကြောင့်တုံးဆိုတော့ ကိုယ့်သစ္စာကိုယ်မမြင်တော့ အသစ္စာ ကိုယ့်ဉာဏ်နဲ့ ကြိုက်ပါ့မလား . . . (မကြိုက်ပါဘုရား)။

## ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမယ်

ဒါဖြင့် သန်တဒုက္ခမမြင်တဲ့ ပုဂ္ဂိုလ်များသည် အသန်တသုခကို ဘယ်နည်းနဲ့ ကြိုက်ကြမယ် . . . (မကြိုက်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သန်တဒုက္ခဖြစ်အောင် ဝိပဿနာဉာဏ်နဲ့ ကြည့်ရမယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီ)၊ သန်တဒုက္ခမြင်အောင် . . . (ဝိပဿနာဉာဏ်နဲ့ ကြည့်ရပါမယ်)၊ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးရမယ်၊ နားမလည်ရင် နားလည်အောင်ထောင်ပါ ဒကာ ဒကာမတို့၊ ဒီဟာ အင်မတန် အရေးကြီးနေတယ် . . . (မှန်ပါ့ဘုရား)၊ ဒကာတွေ ဘက်က စဉ်းစားမိကြရဲ့ မဟုတ်လား . . . (စဉ်းစားမိပါတယ် ဘုရား)။

သန်တ မမြင်တဲ့ပုဂ္ဂိုလ်ဟာ အသန်တနိဗ္ဗာန်ရောက် လိမ့်မယ်လို့ ကိုမြရွှေတို့ မယုံနဲ့ . . . (မရောက်ပါဘုရား)၊ ရောက်ချင်တဲ့စိတ်ကော ပေါ်ပါ့မလား . . . (မပေါ်ပါဘုရား)။

ရောက်ချင်တဲ့စိတ်လည်း ပေါ်မှာမဟုတ်ဘူး၊ ရလဲ ရမှာ မဟုတ်ဘူးဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ကောန်ပဲလို့ ဆုံးဖြတ် ချက်ချစမ်းပါ . . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မောင်ထွန်းအောင်တို့ ဘာကိုမြင်အောင် ကြည့်ရမယ် . . . (သင်္ခတဒုက္ခကိုမြင်အောင်ကြည့်ရပါမယ်) သင်္ခတဒုက္ခကို မြင်အောင်ကြည့်ရမယ်၊ သင်္ခတမြင်ရင် ဒုက္ခက ပါလာတာပဲ . . . (မှန်ပါ့)၊ ဖြစ်တာ ပျက်တာ သင်္ခတ မဟုတ်လား . . . (မှန်လှပါ)၊ အဲဒီ အဖြစ်အပျက်ဟာ ဒုက္ခ သစ္စာပဲ၊ သဘောပါကြပလား . . . (ပါ, ပါပြီဘုရား)။

## ဖြစ်ပျက်ဟာ ဘာတရားပါလိမ့်

ဒါဖြင့် ဖြစ်ပျက်ဟာ ဘာတရားပါလိမ့် . . . (သင်္ခတ တရားပါဘုရား)၊ သင်္ခတ တရားပဲ၊ သစ္စာဖွဲ့လိုက်တော့ . . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာပဲဆိုတာကော သေချာပလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီသင်္ခတဒုက္ခကိုမှ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာစိုက်လိုက်လို့ မသိသေးဘူးဆိုရင် ဖြင့် ဒီပုဂ္ဂိုလ်ဟာ အသင်္ခတ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဦးခင်မောင် ဘယ်တော့မှမယုံနဲ့ . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒါကို တရားစစ် တရားမှန်လို့ သေသေချာချာ မှတ်စမ်းပါ. . . (မှန်ပါဘုရား)၊ ဘယ်လိုမှတ် ကြမယ် . . . (တရားစစ် တရားမှန်ပါဘုရား)။

တရားစစ် တရားမှန်ပဲ သစ္စာရဒုက္ခကို မမြင်ဘဲနဲ့ ဒကာသစ်ရေ၊ အသင်္ခတ နိဗ္ဗာန်ဘက်ကို သူပြေးချင်ပါတယ် ဆိုတဲ့ ဥစ္စာဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘုရား)၊ သဘော ပါကြလား . . . (ပါ, ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ တရားစ, ကတည်းက ခပ်နက်နက်ပဲ နေတယ်၊ မပျင်းကြနဲ့ တော်တော် အရေးကြီးတယ်လို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)၊ သင်္ခတ မမြင်တဲ့ပုဂ္ဂိုလ်ဟာ အသင်္ခတ နိဗ္ဗာန်ကို မည်သည့်နည်းနှင့် မကြိုက်ဘူးဆိုတာတော့ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ခန္ဓာကိုယ်ဟာ သင်္ခတဒုက္ခ

ကဲ. . . ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သင်္ခတက ဘယ်သူပါလိမ့်မတုံးဆိုတော့ ခင်ဗျာတို့ ခန္ဓာကိုယ် . . . (မှန်ပါ ဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)၊ သင်္ခတဒုက္ခက အားလုံး ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)၊ အဲဒါကို ဉာဏ်နဲ့ကြည့်ရမယ် . . . (မှန်ပါ့)၊ ဉာဏ်နဲ့ကြည့်တော့မှ ဒီသင်္ခတ ဒုက္ခသစ္စာဆိုတဲ့ ဒုက္ခ သစ္စာကို ခန္ဓာကိုယ်ထဲမှာ ကိုယ့်ဉာဏ်က မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)။

တွေ့လာတဲ့အခါကျတော့မှ ဩော် . . . မိမိဖြစ်နေတဲ့ ခန္ဓာကြီးဟာ အဖြစ်ဆိုးကြီးပါလားဆိုတာ ပေါ်သင့်၊ မပေါ်သင့် . . . (ပေါ်သင့်ပါတယ်ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီအဖြစ်ဆိုးကြီး မြင်တော့မှ အင်း. . . ဒီဝဋ်ကျွတ်မှ ကောင်းမှာပဲဆိုတာ လာလိမ့်မယ်နော် . . . (မှန်လှပါဘုရား)၊ ဒီဝဋ် မကျွတ်ရင် ကောင်းနိုင်ပါ့မလား . . . (မကောင်းနိုင်ပါဘုရား)၊ အဲဒါတွေကို ဒကာ ဒကာမတွေက ဒီအကြောင်း ဆရာပြောရုံနဲ့လည်း တရားနာရုံနဲ့လည်း မသိသေးဘူးလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)၊ ဘယ်လိုပါလိမ့် . . . (ဆရာပြောရုံနဲ့လည်း မသိသေးပါဘုရား)၊ ခန္ဓာမြင်အောင် စိုက်ပြီးကြည့်မှ ပြီးကြမယ် . . . (မှန်ပါ့ဘုရား)၊ သဘောပါကြပလား. . . (ပါ၊ ပါတယ်)၊ ဘာလုပ်ရမယ် . . . (ခန္ဓာမြင်အောင် စိုက်ကြည့်ရပါမယ်ဘုရား)။

ခန္ဓာမြင်အောင် စိုက်ပြီးကြည့်တဲ့အခါကျတော့မှ ဩော် . . . သင်္ခတ ဒုက္ခတွေပါကလား၊ ဖြစ်ပျက်နေတာမှ တစ်ပါး ဘာမှမရှိတော့ပါကလား ဆိုတော့မှ ကိုယ့်ခန္ဓာကြီးဟာ အရတော်လေစွလား၊ အရဆိုးလေစွလား၊ ဆုံးဖြတ်ချက်ချပေးစမ်း . . . (အရဆိုးလေစွပါဘုရား)၊ အရဆိုးလေစွလို့ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် အရဆိုးလေစွဆိုတဲ့ စိတ်ကလေး, ဉာဏ်ကလေး ဦးခင်မောင် ပေါ်လာမှ အသင်္ခတဘက်ကျမှ ကောင်းတာပဲဆိုတာ ဖြစ်အောင်ပြောင်းယူ. . . (မှန်လှပါ)၊ နို့မို့ရင် ပြောင်းပါ့မလား . . . (မပြောင်းပါဘုရား)။

အဲဒါ ဒကာ ဒကာမတွေ အခုတရားပွဲလာတာ နာရီဝက်ဆိုသလိုပဲတဲ့ နီးပါပြီ၊ နာရီဝက်တောင် နည်းနည်းကျော်သွားပါပြီ၊ ဒီတစ်လုံးကိုပဲ ပြောနေတယ်၊ သင်္ခတ မမြင်ဘဲ အသင်္ခတ ဆိုတဲ့ နိဗ္ဗာန် မရဘူးလို့ ရှင်းပလား ... . (ရှင်းပါပြီ)၊ သင်္ခတဒုက္ခကိုမမြင်ရင် . . . (အသင်္ခတနိဗ္ဗာန်ကိုမရပါ)၊ အသင်္ခတနိဗ္ဗာန်. . : (မရပါဘုရား)၊ မရနိုင်ဘူး ဒကာ ဒကာမတို့။

## ခန္ဓာကိုယ်ထဲ ဉာဏ်နဲ့ကြည့်စမ်းပါ

အဲဒါကြောင့် မပျင်းမရိဘဲနဲ့ တရားကိုတော့ သြော် ကြည့်နည်းက ဒီလိုကြည့်ရမှာပါကလား . . . (မှန်ပါ့)၊ ကျင့်နည်းက ဒီနည်းပဲ ကျင့်ရမယ်နော် . . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲဉာဏ်နဲ့ ကြည့်စမ်းပါ၊ ဖျတ်ဖျတ်နဲ့ ဘာလုပ်နေတာတုံး မေးစမ်း၊ ခန္ဓာကိုယ်ထဲမှာ . . . (ဖြစ်ပျက် သင်္ခတဒုက္ခတွေ ဖြစ်နေတာပါဘုရား)။

ဖြစ်ပျက် သင်္ခတဒုက္ခတွေက ကျုပ်တို့ရဲ့ညဏ်ကို ပြောနေတာမဟုတ်လား. . . (မှန်ပါ)၊ ဘာတွေများပြောနေသလဲ . . . (ဖြစ်ပျက်တွေပြောနေပါတယ်)၊ ကျုပ်တို့ဟာ သင်္ခတတွေဗျလို့ ခန္ဓာကိုယ်ကြီးက မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အဲဒီလို ခန္ဓာကိုယ်က ပြောတာကို ညဏ်က ကြည့်ပေးရမယ်နော်. . . (မှန်ပါ့ဘုရား)၊ မကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကို ခန္ဓာကမပြောပါဘူး. . . (မှန်ပါ့ဘုရား)၊ ကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကျတော့. . . (ပြောပါတယ်ဘုရား)။

## ခန္ဓာကပြောလာတာ ယုံလိုက်စမ်းပါ

ခန္ဓာက ပြောလာတဲ့အခါကျတော့မှ သူ. . . ပြောတာကို ခင်ဗျားတို့က သူများပြော မဟုတ်သောကြောင့် အယုံကြီးယုံလိုက်စမ်းပါလို့ ဘုန်းကြီးက သတိပေးလိုက်ပါတယ်. . . (မှန်လှပါ)၊ သူများပြောတာလား၊ ခန္ဓာက ပြောတာလား. . . (ခန္ဓာကပြောတာပါဘုရား)။

အဲ. . . ခန္ဓာကပြောတာကိုမှ အယုံကြီးယုံလိုက်တဲ့အခါကျတော့မှ ဪ. . . တို့သည်ကားလို့ဆိုရင် ဘယ်သူနဲ့အတူတူ နေရပါလိမ့်မတုံးဆိုတော့ သင်္ခတဒုက္ခသစ္စာကြီးနဲ့ အတူတူနေရတယ်ဆိုတာ ပေါ်မလာဘူးလား . . . (ပေါ်လာ

ပါတယ်ဘုရား)၊ အဲဒါ များများကြည့်ပေးရမယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့်. . . ဘာကို များများကြည့်ရမယ်. . . (သင်္ခတ ဒုက္ခကို များများကြည့်ရပါမယ်)၊ သင်္ခတဒုက္ခကို များများ ကြည့်ရမယ်ဆိုသဖြင့် ဒကာ, ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ သင်္ခတဒုက္ခမှတစ်ပါး၊ ဒိပြင် ဘာများရှိသေးသလဲ. . . (မရှိပါ ဘုရား)၊ ဘာမှ မရှိဘူးဆိုတာ သေချာပလား. . . (သေချာ ပါပြီဘုရား)။

အဲဒီတော့ သေချာအောင် ဩော်. . . သင်္ခတဒုက္ခမှ တစ်ပါး ဘာမှ မရှိပါကလား၊ သင်္ခတဒုက္ခ အစုအပုံတွေသာ ရှိနေပါကလားလို့ ကြည့်ပေးစမ်းပါ . . . (မှန်ပါ)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . အဲဒီ သင်္ခတ တွေကြည့်လို့ ခင်ဗျားတို့က ခန္ဓာကိုယ်ထဲမှာ မြင်ပြီ၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေး ပေါ်လာလိုက်၊ သင်္ခတ ဒုက္ခစိတ်ကလေးကလည်း ပေါ်လာ လိုက်၊ ပျက်, ပျက်သွားပြန်တော့ ဘာပါလိမ့် . . . (သင်္ခတ ဒုက္ခပါဘုရား)၊ အင်း. . . ရုပ်ကလေးက ပေါ်လာတာ ကြည့်လိုက်ပြန်တော့လဲ . . . (သင်္ခတ ဒုက္ခပါဘုရား)။

## ဝိပဿနာရှုနည်း သင်နေတာ

နို့. . . ဒါဖြင့် ဒကာ ဒကာမတွေ ဘာတွေချည်း ကြည့်နေရသလဲ. . . (သင်္ခါတဒုက္ခတွေပါဘုရား)၊ အဲ. . . သင်္ခါတဒုက္ခတွေချည်း ဦးခင်မောင်တို့က တွေ့ကြပါလိမ့်မနော် . . . (မှန်လှပါဘုရား)၊ ဒါဟာ. . . ဘာသင်နေတာတုံးလို့ ဒကာ ဒကာမတွေက မမေးပါနဲ့ ဝိပဿနာရှုနည်း သင်နေတာ လို့ မှတ်လိုက်စမ်းပါ . . . (မှန်လှပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)၊ ဒါ. . . ဘာသင်နေတာလဲ. . . (ဝိပဿနာရှုနည်း သင်နေတာပါဘုရား)။

ခန္ဓာကိုယ်ကို စိုက်သာကြည့်၊ လိုက်ပြီးတော့ ကြည့်ရင် ခန္ဓာကိုယ်က နာသလိုလို၊ ယားသလိုလို စိတ်တွေအမျိုးမျိုး ပေါ်ပြီးပျောက်, ပျောက်သွားတာတွေ၊ အင်း. . . ရုပ်တွေ အမျိုးမျိုးပေါ်ပြီး ဖောက်ပြန်သွားတာတွေ မပြောပေဘူးလား၊ ပြောမလား. . . (ပြောပါတယ်ဘုရား)၊ အဲ. . . ဘာဒုက္ခတွေ လို့ သူကပြောသလဲ. . . (သင်္ခါတဒုက္ခတွေပါဘုရား)၊ သင်္ခါတ တွေလို့ ဘယ်သူက ပြောပါလိမ့်. . . (ခန္ဓာကပြောပါတယ် ဘုရား)၊ ခန္ဓာက ပြောတယ် . . . (မှန်ပါ့)၊ ရိုပ်မိပလား. . . (ရိပ် မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ချင်ရင် အရိယာ မျက်လုံး တပ်ပေးရလိမ့်မယ် ဦးခင်မောင်၊ နိဗ္ဗာန်ရောက်ချင်ရင်

. . . (အရိယာမျက်လုံးတပ်ပေးရပါမယ်)၊ အဲ. . . သစ္စာ ဒုက္ခကို မြင်တဲ့မျက်လုံးကို ခင်ဗျားတို့ကို ဆရာဘုန်းကြီးက တပ်ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

## အရိယာမျက်လုံး တပ်ပေးတဲ့နေ့

ဒါဟာ အရိယာမျက်လုံး တပ်ပေးတဲ့နေ့ပဲ. . . (မှန်ပါ့ ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ နိဗ္ဗာန်ရောက်ချင်ရင် ဘာတပ်ပေးရမယ်. . . (အရိယာမျက်လုံး တပ်ပေးရပါမယ်)၊ အရိယာမျက်လုံး တပ်ပေးရမယ်ဆိုတာကော သေချာပလား . . . (သေချာပါပြီဘုရား)။

ခင်ဗျားတို့ ပင်ကိုမျက်လုံးနဲ့တော့ဖြင့် လှတာရယ်၊ အရုပ်ဆိုးတာရယ်၊ အကျည်းတန်တာရယ် ဦးခင်မောင် ဒါပဲ မြင်မယ်. . . (မှန်ပါ)၊ သစ္စာ ဒုက္ခကိုတော့. . . (မမြင်ပါ ဘုရား)၊ မမြင်နိုင်ဘူးဆိုတာ သေချာကြပလား . . . (သေချာ ပါပြီဘုရား)။

အဲဒီတော့ ယနေ့သည် ဘယ့်နှယ်ကြောင့် ဆရာ ဘုန်းကြီး ဒီဥစ္စာ ဟောရပါလိမ့်မတုံးလို့ ခင်ဗျားတို့က မေးချင် မေးကြလိမ့်မယ်နော်. . . (မှန်လှပါ)၊ ခင်ဗျားတို့ စိတ်က သစ္စာ ဒုက္ခမြင်လို့ရှိရင်ဖြင့် ဘုန်းကြီးက အသစ္စာဘက် ခင်ဗျားတို့ စိတ်ပြေးလိမ့်မယ်ဆိုတာ သေသေချာချာ ဟောထားပါတယ်

. . . (မှန်ပါ့)၊ သခ်ိတ ဒုက္ခမြင်ရင်. . . (အသခ်ိတဘက် ပြေးလိမ့်မယ်)၊ အသခ်ိတဘက်ကို ခင်ဗျားတို့ ဉာဏ်ပြေးတော့မယ် . . . (မှန်ပါ့)၊ သခ်ိတဒုက္ခမြင်တဲ့ ဉာဏ်သည် နောက်ဆုံးပိတ် ဘယ်ဘက်ပြေးမယ်ထင်သတုံး. . . (အသခ်ိတဘက် ပြေးပါတယ်ဘုရား)။

အဲ. . . ဝိပဿနာနှစ်လုံးတည်းနဲ့ ပြီးပါတယ်၊ ဒီနေ့ ဟောတဲ့တရားမှာ ပထမရှေးဦးစွာ သခ်ိတဒုက္ခမြင်ဖို့ . . . (မှန်ပါ့)၊ ပထမ ရှေးဦးစွာ ဘာမြင်ရမယ်. . . (သခ်ိတဒုက္ခမြင်ရပါမယ်ဘုရား)။

သခ်ိတဒုက္ခမြင်ရမယ်၊ အဲဒီ သခ်ိတဒုက္ခမြင်ဖန်များလာပြီဆိုမှဖြင့် ဒုက္ခအစစ်ပဲလို့ ဝေဖန်နိုင်ပြီး လာတဲ့အခါကျလို့ရှိရင် ဒကာသစ် ဉာဏ်ဘယ်ဘက်ပြေးသွားလိမ့်မယ် ထင်သတုံး. . . (အသခ်ိတဘက်ပါဘုရား)၊ အသခ်ိတ သုခဘက် ပြေးလိမ့်မယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## နာမရူပ ပရိစ္ဆေဒကျမ်း

အဲဒီတော့ ဒါဟာ. . . တဲ့၊ ဒကာ ဒကာမတို့ ဒါ. . . နာမရူပ ပရိစ္ဆေဒကျမ်းက လာတယ်လို့ မှတ်ထားလိုက်စမ်းနော် . . . (မှန်ပါ)။

* ဇနေတာနုတ္တရံ မဂ္ဂ၊
မာသေ၀န ဝိသေသတော။
ကင္ခသံယဋ္ဋနာ ဇာတာ၊
အစ္စိမူမာဝ ဘာသုရံ။ ။

ဆိုတဲ့ ပါဠိဂါထာဟာ နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာတယ်လို့ မှတ်လိုက်စမ်းပါ။

အဲဒီတော့ကွာ - နိဗ္ဗာန်ကူးဖို့ နိဗ္ဗာန်ဘက်ကို ရောက်သွားတဲ့ဉာဏ်၊ နိဗ္ဗာန်ဘက်ကို ကူးသွားတဲ့ဉာဏ်ဟာ ဘယ်လိုမြင်လို့ ဘယ်လိုများ ကူးသွားပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ ဒကာ ဒကာမတို့ သိတဲ့အတိုင်း. . . တဲ့၊ သင်္ခတဒုက္ခမြင်တဲ့ဉာဏ် ရင့်လာလို့ရှိရင် ဒီဉာဏ်သည် သင်္ခတ ဒုက္ခဘက်မှ အသင်္ခတဘက်သို့ ကူးသွားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ခင်ဗျားတို့ သင်္ခတဒုက္ခ မြင်တဲ့ဉာဏ် ရင့်သွား ရင် ဒီဉာဏ် ဘယ်သွားမယ်ထင်တုံး. . . (အသင်္ခတဘက်သွား ပါတယ်)၊ ဒါဖြင့် ဝိပဿနာဉာဏ်ပြီးတော့ မဂ်ဉာဏ်လာတာပဲ . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဝိပဿနာဉာဏ်ပြီး တော့ . . . (မဂ်ဉာဏ်လာပါတယ်ဘုရား)။

---

* နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာ၊ ဒွါဒသမ ပရိစ္ဆေဒဂါထာ အမှတ်-၁၇၇၈။

ဒါဖြင့် သခ်ံတဒုက္ခတွေကို မြင်နေပြီ၊ အားလုံး ဒကာ ဒကာမတွေကို ရှုခိုင်းလို့ မြင်ကြပါပြီ၊ ထိုသို့ မြင်ပြီးသကာလ နေရုံမတ္တနဲ့ ဖျက်ဆို ဒကာ ဒကာမတို့ သခ်ံတဒုက္ခ တွေကို မတွေ့တော့ဘူး. . . (မှန်ပါဘုရား)၊ သခ်ံတဒုက္ခ တွေကို မတွေ့တော့ အလျင်က သခ်ံတဒုက္ခတွေ မြင်တဲ့ဉာဏ် ဖျတ်ခနဲ မနေဘူးလား. . . (နေပါတယ်ဘုရား)၊ ဒီရှုနေတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

## ဒီဉာဏ်ဘယ်ဘက်သွားပါလိမ့်

နောက်ကျတော့ ဒီဉာဏ်ဘယ်ဘက်သွားပါလိမ့်မလဲ . . . လို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ သခ်ံတဒုက္ခ မရှိတဲ့ဘက် ကျုပ်တို့ရှုနေတဲ့ဉာဏ်က သွားပါတယ် . . . (မှန်ပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ပထမဉာဏ်သည် ဘယ်ဘက်မှာနေသတုံး. . . (သခ်ံတ ဘက်မှာနေပါတယ် ဘုရား)။

အေး. . . ဉာဏ်သည် ဒကာ ဒကာမတွေ ရှင်းရှင်း လင်းလင်း မှတ်လိုက်စမ်း၊ ပထမ သခ်ံတ ဒုက္ခဘက်မှာ ယခု ရှိနေတယ် . . . (မှန်လှပါဘုရား)၊ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်၊ ဖြစ်ပျက်ဒုက္ခသစ္စာထဲ သူ. . . မရှိဘူးလား. . . (ရှိပါတယ်)၊ နောက်တော့ ဦးခင်မောင်ရေ. . . ဒီဉာဏ် ဘယ်ဘက်ကူးသွား သလဲ. . . (အသခ်ံတဘက် ကူးသွားပါတယ်ဘုရား)။

# နိဗ္ဗာန်ဘက်ကို သူ့ဟာသူ ကူးသွားတယ်

အသင်္ခတသုခဘက် ကူးသွားတယ်ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်တွေ အကုန်လွတ်သွားတယ်. . . (မှန်လှပါဘုရား)၊ ရှုရင်းမဂ္ဂနဲ့ ဒီဉာဏ်သည် ဖြစ်ပျက်တွေ ဘယ့်နှယ်. . . (လွတ်သွားပါတယ်)၊ လွတ်သွားပြီးသကာလ ဩော်. . . ခိုင်မြဲတဲ့ နိဗ္ဗာန်ဘက်ကို သူ့ဟာသူ ကူးသွားတယ်. . . (မှန်ပါဘုရား)။

ဒကာ ဒကာမတို့ သူများပေးလို့ရသလား၊ သူ့ဟာသူ ဉာဏ်တက်ပြီး ကူးသွားတာလား . . . (သူ့ဟာသူ ဉာဏ်တက်ပြီးကူးသွားတာပါဘုရား)။

ဒါ. . . သေသေချာချာ မှတ်ပါ၊ အလုပ်တရားမှာ နှစ်လုံးတည်းနဲ့ ပြီးအောင်လုပ်. . . (မှန်လှပါ)၊ ဟောနေတယ် ဒကာ ဒကာမတွေ အလုပ်တရားမှာ နှစ်မျိုးတည်းရှိပါတယ်၊ ပထမရှုနေတဲ့ ဝိပဿနာဉာဏ်သည် ဒကာ ဒကာမတို့ သင်္ခတ ဒုက္ခဘက်ကို အမြဲလှည့်နေတာပဲ . . . (မှန်လှပါဘုရား)။

ပထမရှုနေတဲ့ဉာဏ်သည် ဘယ်ဘက်လှည့်နေသတုံး . . . (သင်္ခတဒုက္ခဘက်လှည့်နေပါတယ်)၊ သင်္ခတဒုက္ခဘက် လှည့်နေတာပဲဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

အဲဒါ. . . သင်္ခတဒုက္ခဘက် လှည့်နေတယ်ဆိုတာ ဖြစ်ပျက်အနိစ္စဘက် လှည့်နေတယ်ဆိုတာ ဟုတ်တာပဲ. . .

(မှန်ပ့ါ)၊ ဖြစ်ပျက်ဒုက္ခဘက် လှည့်နေတယ်ဆိုရင်ကော . . . (ဟုတ်ပါတယ်)၊ ဖြစ်ပျက် အနတ္တဘက် လှည့်နေတယ်ဆိုရင်ကော . . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီ. . . လှည့်ရာကနေပြီးသကာလ ဒီဉာဏ်တွေ အရ ရှုနေတဲ့ ဉာဏ်တွေက ဒါက သခ်ၤတ ဒုက္ခတွေ ထားပါတော့၊ ဒီဘက်ကဟာတွေ . . . (မှန်ပ့ါ)၊ ဒီသခ်ၤတ ဒုက္ခတွေကို တစ်ခု ပေါ်လိုက် တစ်ခုပျက်လိုက်နဲ့ . . . လိုက်လိုက်, လိုက်လိုက်ပြီး သကာလသွားတဲ့အခါကျတော့ သခ်ၤတဒုက္ခတွေကို ဒီဉာဏ်တွေက မမြင်ပေဘူးလား. . . (မြင်ပါတယ်ဘုရား)။

## အသခ်ၤတသုခဘက် လှည့်သွားတယ်

အဲ. . . မြင်ရာကနေပြီးသကာလ နောက်ဒီဉာဏ်က ဘယ်ဘက်လှည့်သွားသတုံး. . . လို့ မေးရင် ဘယ့်နှယ်ဖြေကြမယ်. . . (အသခ်ၤတသုခဘက် လှည့်သွားပါတယ်)၊ ဟော . . . သခ်ၤတ ဒုက္ခတွေချုပ်တဲ့ဘက် လှည့်သွားပါတယ်၊ သခ်ၤတ ဒုက္ခတွေ အကုန်ချုပ်တော့ အသခ်ၤတ သုခလို့ ဦးခင်မောင် ဆိုလိုက်စမ်း . . . (မှန်လှပါဘုရား)၊ ဘယ်လို ဆိုကြမယ် . . . (အသခ်ၤတသုခပါဘုရား)၊ အသခ်ၤတသုခ ဆိုတာ ဒကာ ဒကာမတို့ အသခ်ၤတနိဗ္ဗာန်၊ ရှင်းပလား . . . (ရှင်းပါပြီ)၊

အသစ်တဆိုတာ ဦးခင်မောင်. . . ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)၊ နောက်က ဒကာ ဒကာမတွေ. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဉာဏ်ဟာ အခု ဒါက ဒကာ ဒကာမတွေ ခန္ဓာအစဉ်တုံးကြီးဆိုလိုက်ပါ။ ပထမတော့ဖြင့် ခန္ဓာပဲ ဘုန်းကြီးက အရှုခိုင်းတာပဲ၊ ပထမတော့ ဘာရှုခိုင်းပါလိမ့် . . . (ခန္ဓာပဲအရှုခိုင်းပါတယ်ဘုရား)၊ ခန္ဓာရှုတော့ ခင်ဗျားတို့က ဘာတွေတွေ့ပါလိမ့် . . . (ဖြစ်ပျက်တွေ တွေ့ပါတယ်ဘုရား)၊ သစ်တဒုက္ခတွေ မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)။

အဲ. . . သစ်တ ဒုက္ခတွေ့လို့ သစ်တ ဒုက္ခတွေ တွေ့တဲ့ ဉာဏ်တွေသည် ဒကာသစ် ရင့်သွားတယ် . . . (မှန်ပါ့)၊ သစ်တဒုက္ခတွေ့တဲ့ ဉာဏ်သည် ရင့်မလာဘူးလား . . . (လာပါတယ်ဘုရား)၊ ရှုဖန်များရင် ရင့်လာတာပေါ့ဗျာ . . . (မှန်ပါ)။

ရှုဖန်များတဲ့အခါကျတော့ ဒီကဒုက္ခ၊ ဒီကဉာဏ်၊ အင်း . . . ဒီက သစ်တဒုက္ခ၊ ဒီက မြင်တတ်တဲ့တရား၊ ဒီလိုချည်း မြင်မနေပေဘူးလား . . . (မြင်ပါတယ်ဘုရား)၊ မြင်လာတော့ ကြာတော့ မြင်ဖန်များလာတဲ့အခါ ဦးခင်မောင် ဒီမြင်တဲ့ဉာဏ် ဟာ နုသွားမလား, ရင့်သွားမလား. . . (ရင့်လာပါတယ် ဘုရား)။

## မြင်ပါများလို့ရင့်လာတာ

ဒါက ခင်ဗျားတို့ ပါရမီရှိလို့ ရင့်လာတာလား. . . သခ်ီတ ဒုက္ခမြင်ဖန်များလို့ ရင့်လာတာလား . . . (သခ်ီတဒုက္ခ မြင်ဖန်များလို့ ရင့်လာတာပါဘုရား)၊ သခ်ီတဒုက္ခ မြင်ဖန်များလို့ ရင့်လာတာဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

အဲ. . . သခ်ီတဒုက္ခသည် မြင်ဖန်များလို့ ရင့်လာတဲ့ အခါကျတော့ ကြော်. . . ဒီဉစ္စာ သခ်ီတ ဒုက္ခမှတစ်ပါး ဘာမှ မရှိပါကလား၊ မိမိခန္ဓာကိုယ်ထဲမှာ ဒိဋ္ဌိတို့ ဘာတို့တောင် ခံနေစရာမလိုတော့ပါဘူး၊ အင်း. . . ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ သခ်ီတဒုက္ခတွေသာ ကေန်ရှိ၊ တကယ်ရှိနေပါကလား. . . လို့ ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် မကျပေဘူးလား . . . (ကျပါတယ်ဘုရား)။

အင်း. . . ဉာဏ်နဲ့ဆုံးဖြတ်ချက်ချလို့ သခ်ီတဒုက္ခ မြင်ဖန်များလာပြီဆိုမှဖြင့် ဒကာ ဒကာမတို့. . . တဲ့၊ ဒီဉာဏ်သည်. . . တဲ့၊ သခ်ီတ ဒုက္ခဘက်ကို မလှည့်တော့ဘူး . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သခ်ီတ ဒုက္ခချုပ်တဲ့ဘက် လှည့်သွားတယ် . . . (မှန်ပါ့ဘုရား)၊ ဘယ်ဘက် လှည့်သွားပါလိမ့် . . . (သခ်ီတ ဒုက္ခချုပ်တဲ့ဘက် လှည့်သွားပါတယ်)၊ သခ်ီတဒုက္ခ ချုပ်တဲ့ဘက် လှည့်သွားတယ် . . . (မှန်လှပါဘုရား)။

ကဲ. . . ဒါဖြင့် ပထမညာဏ်ဟာ ဘယ်ဘက် လှည့်သတုံး. . . (သခ်ိတ ဒုက္ခဘက် လှည့်ပါတယ်ဘုရား)၊ နောက် ရင့်လာတဲ့ညာဏ် ဘယ်ဘက်လှည့်သတုံး . . . (သခ်ိတ ချုပ်တဲ့ဘက် လှည့်ပါတယ်ဘုရား)၊ ဒါပဲ ဒါပဲ၊ ဒကာ ဒကာမတို့ ဘုရားပွင့်လည်း ဒါဟောမှာပဲ . . . (မှန်ပါ့ဘုရား)။

## ဒီအမွေပဲ ပေးနေတယ်

ဘုရားပွင့်လည်း ဒါဟောမှာပဲ၊ ဘုရားကလည်း ဒါကိုဟောလို့ ဘုန်းကြီးကလည်း အမွေရလို့ ဒကာ ဒကာမတွေ ဒါပဲ ဒီအမွေပဲ ပေးနေတယ် . . . (မှန်လှပါ)၊ သဘောကျပြီနော် . . . (ကျပါပြီဘုရား)။

ပထမညာဏ်သည် ဒကာ ဒကာမတော့ ဘယ်ဘက်လှည့်နေသတုံး . . . (သခ်ိတဒုက္ခဘက် လှည့်နေပါတယ်ဘုရား)၊ နောက်ဒီညာဏ်ရင့်လာရင် ဘယ်ဘက်လှည့်မယ်ထင်သတုံး. . . (သခ်ိတချုပ်တဲ့ဘက် လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီဖြူဖြူကလေးက အသခ်ိတ နိဗ္ဗာန်ထားလိုက်၊ ဟိုဘက်က သခ်ိတဒုက္ခတွေက ခန္ဓာကြီး ထားပါတော့နော် . . . (မှန်ပါ)၊ ဒီဘက်က ဘာပါလိမ့် . . . (သခ်ိတ ဒုက္ခ)၊ ဒီဘက်က အသခ်ိတခေတ် နိဗ္ဗာန်ပေါ့ဗျ. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီက ရှုတဲ့ဉာဏ်က ဒကာ ဒကာမတွေက ပထမ ရှေးဦးစွာ သင်္ခတဒုက္ခတွေချည်း ရှုနေရမယ်၊ ဝေဒနာပေါ်လည်း ဖြစ်ပျက်ရှုနေ၊ စိတ်ပေါ်ကော . . . (ဖြစ်ပျက်ရှုရပါမယ်)၊ ရုပ်တွေပေါ်နေရင် . . . (ဖြစ်ပျက်ရှုနေရပါမယ်ဘုရား)။

## ဉာဏ်သည်ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ်

အဲဒီတော့ ဒကာ ဒကာမတို့ ဒီဖြစ်ပျက်တွေ မြင်ရာကနေပြီးသကာလမှ ဒီဉာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ် . . . (မှန်ပါ့)၊ ဒီဘက်လှည့်တယ်၊ ရှုရင်း မတ္တာနဲ့ကော. . . ဒကာ ဒကာမတို့ ဘယ်လှည့်သွားသလဲ . . . (ရှုရင်းမတ္တာ လှည့်သွားပါမယ်ဘုရား)။

ရှုရင်းမတ္တာနဲ့ လှည့်သွားတော့ကို ဒီခန္ဓာကြီးက မရှိလို့ လှည့်သွားတာလား ဉာဏ်တက်လို့ လှည့်သွားတာလား. . . မေးဖို့လိုလာတယ် . . . (မှန်ပါ့)၊ မလိုဘူးလား . . . (လိုပါတယ်)၊ အဲဒါဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာတဲ့ နိဗ္ဗာန်ဆိုတဲ့ ခန္ဓာမရတဲ့ နိဗ္ဗာန်မှ မရောက်သေးတဲ့ဉစ္စာ ခန္ဓာကတော့ ရှိနေတာပဲ . . . (မှန်လှပါဘုရား)၊ ခန္ဓာဖြစ်ပျက်ကတော့ ရှိရမယ် . . . (ရှိပါတယ်)၊ ဉာဏ်ကသာ ဒီဘက်လှည့်တာ . . . (မှန်ပါ့ဘုရား)။

ဒါကို သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့ . . . (မှန်ပါ့ဘုရား)၊ ဦးခင်မောင် ဒီတစ်လုံး သိပ်အရေးကြီးပါတယ် . . . (မှန်ပါ့)၊ ဒီခန္ဓာကြီးကတော့ ဘယ့်နှယ်တုံး. . . (ရှိပါတယ် ဘုရား)၊ ရှိရင်းမတ္တာနဲ့ ဘယ်လှည့်သွားသတုံး . . . (အသခ်တ ဘက်လှည့်ပါတယ်)၊ ဒီခန္ဓာမရှိတဲ့ အသခ်တဘက် လှည့်မသွား ဘူးလား . . . (သွားပါတယ်ဘုရား)။

## သခ်တဒုက္ခကို နာနာရှုပေးပါ

ဒါဖြင့်. . . ဒကာ ဒကာမတို့ ဩော်. . . နိဗ္ဗာန်ရောက် ချင်တဲ့ပုဂ္ဂိုလ်များဟာ ဘာကို နာနာ အလုပ် လုပ်ရမှာတုံးဆိုတဲ့ မေးခွန်းဟာဖြင့် ယနေ့ ပြောမယ်လို့ အောက်မေ့ပါတယ်. . . (မှန်ပါ့ဘုရား)၊ ဘာကို နာနာလုပ်ရမလဲ. . . (သခ်တဒုက္ခ နာနာရှုရပါမယ်)၊ သခ်တဒုက္ခကို နာနာ ရှုပေးရမှာပဲ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက် ကို. . . (နာနာရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ကို နာနာရှုလို့ ဒီဉာဏ်ဟာ ရင့်ခြင်းမက, ရင့်လာပြီဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒီဉာဏ်သည် သခ်တ ဘက်ကနေပြီး အသခ်တဘက်ကို ကိုယ့်ဟာကိုယ် ကူးသွား မယ် . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ သခ်တ ဘက်က . . . (အသခ်တဘက် ကူးပါမယ်)၊ အသခ်တဘက် ကို ကိုယ့်ဟာကိုယ် ကူးသွားမယ်နော် . . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒကာ ဒကာမတို့ ဒါဖြင့် ဒါဟာ နိဗ္ဗာန်မြင်တယ်လို့ ဆိုလို့ရှိရင်ကော သဘောကျပလား . . .. (ကျပါပြီ)၊ ကောင်းပြီ. . . သေမှ မြင်ရမှာလား၊ ရှင်းမတ္တနဲ့ ကူးသွားတာ မြင်ရမှာလား . . . (ရှင်းမတ္တနဲ့ ကူးသွားတာ မြင်ရမှာပါဘုရား)။

## မဂ္ဂင်ရှစ်ပါးလာဖြစ်တယ်

ရှင်းမတ္တနဲ့ ကူးသွားတာမြင်ရမယ်ဆိုတော့ ဒီဥစ္စာဟာ သေသေချာချာ မဂ္ဂင်ရှစ်ပါးလာဖြစ်တယ်လို့ ဒကာ ဒကာမတွေ ဆုံးဖြတ်ချက် ချတာပေါ့ဗျာ. . . (မှန်ပါ့)၊ ကူးသွားလို့ရှိရင် မဂ္ဂင်ရှစ်ပါးဖြစ်တယ် . . . (မှန်ပါ့)၊ မကူးသေးရင် မဂ္ဂင်ငါးပါးပဲရှိနေတယ်မှတ် . . . (မှန်ပါ့ဘုရား)၊ မကူးသေးရင်. . . (မဂ္ဂင်ငါးပါး ရှိနေပါတယ်)၊ ကူးသွားရင်. . . (မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်)။

ဒါဖြင့် ခန္ဓာကြီးရှိလျက်နဲ့ ကူးသွားတာလား၊ ခန္ဓာတွေ ပျောက်ပြီးတော့ ကူးသွားတာလားလို့ မေးတော့ ခန္ဓာကတော့ ဘေးကနေကြည့် ရှိတာပဲ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ခန္ဓာကတော့. . . (ရှိပါတယ်ဘုရား)။

## ဉာဏ်ကကူးသွားတာ

ကိုယ့်ခန္ဓာကတော့ ဘေးကနေကြည့် ရှိနေတာပဲ၊ ရှိပင် ရှိငြားသော်လည်း ဉာဏ်က ကူးသွားတာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)၊ ဘယ်လိုမှတ်ကြမယ် . . . (ဉာဏ်က ကူးသွားတာပါဘုရား)၊ ဉာဏ်ကကူးသွားလို့ သေသေချာချာ မှတ်ပါ။

အခုတရားဟာ ဒကာ ဒကာမတို့ နာရီသုံးမတ် လောက်သာ ရှိသွားသေးတယ်၊ ဒကာသစ် လိုရင်းက ဒီနှစ်လုံး တည်းသာ ပြောနေတာ. . . (မှန်လှပါဘုရား)၊ ဘယ်နှစ်လုံး ပြောနေတာပါလိမ့် . . . (နှစ်လုံးတည်းပြောနေတာပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ဩော်. . . သူများ ပြောသံကြားတွေကို မယုံကြည်ပါနဲ့နော်. . . (မှန်ပါ့ဘုရား)၊ နိဗ္ဗာန်ဆိုတာအဝေးကြီးကွ၊ လွယ်လွယ်နဲ့ရတာ မဟုတ်ဘူးကွ၊ ဒီလိုမဆိုလိုက်ပါနဲ့နော် . . . (မှန်ပါ့)၊ သခ်ံတဒုက္ခသာ ခင်ဗျား တို့က ဖြစ်ပျက်တွေကိုသာ ခပ်များများ ရှုပေးပါ၊ ဒကာ ဒကာမ တို့နော် . . . (မှန်ပါ့ဘုရား)။

ဘာကို ဖြိုင်ဖြိုင်ကြည့်ရမလဲ . . . (သခ်ံတဒုက္ခပါ)၊ သခ်ံတဒုက္ခကိုသာ ဖြိုင်ဖြိုင်ကြည့်ပေးပါ၊ သခ်ံတဖြိုင်ဖြိုင် ကြည့်ပေးလို့ရှိရင် ဒီဉာဏ်သည် သခ်ံတကျော်ပြီး သင်္ခတ အသခ်ံတသုခဆိုတဲ့ နိဗ္ဗာန်ဘက် ကူးမလား, မကူးဘူးလား . . . (ကူးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝေးကြီးလား၊ အနီးကလေးလားဆိုတော့ အို. . . သစ်တမဆုံးလို့ အသစ်တမတွေ့သေးတာ . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ အသစ်တမြင်တာ အပါးမဝသေးလို့ (ဝါ) အကြိမ်မများသေးလို့ အသစ်တဘက် မကူးတာ. . . (မှန်လှပါဘုရား)၊ နို့မို့ရင် ဒီဉာဏ်ကူးပါတယ် . . . (မှန်လှပါဘုရား)၊ သဘောပါပလား . . . (ပါ, ပါပြီဘုရား)။

## ဖြစ်ပျက်ကိုသာ ဉာဏ်နဲ့တက်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်လိုချင်ရင် ဘာကိုမဲပြီး ရှုရမလဲဆိုတာကော အဖြေထွက်ပလား. . . (ထွက်ပါပြီဘုရား)၊ ဘာကို မဲရှုရမလဲ. . . (သစ်တဒုက္ခကို မဲရှုရပါမယ်ဘုရား)။

ဩော်. . . သစ်တ ဒုက္ခဆိုတာ ဘုန်းကြီးပြောနေကျ၊ ဒကာ ဒကာမတွေ နားရည်ဝလို့ သိနေကြပြီဖြစ်တဲ့ ဖြစ်ပျက်ပါပဲ . . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော် . . . (မှန်ပါဘုရား)၊ အဲဒီဖြစ်ပျက်ကိုသာ ဦးခင်မောင်တို့က ဉာဏ်နဲ့တက်ပါ. . . (မှန်ပါ့ဘုရား)၊ ငါ နိဗ္ဗာန်လိုချင်တယ်လို့ မလာနဲ့. . . (မှန်လှပါ)၊ အားလုံးတရားတစ်ပွဲလုံး ဆုံးဖြတ်ချက် ချပေးလိုက်ပါတယ်၊ ဒကာ ဒကာမတို့ ငါ နိဗ္ဗာန်လိုချင်တဲ့ စိတ်ကိုမလာစေနဲ့ . . .

(မှန်ပါ့)၊ သခ်ိတကိုသာရှုပေး . . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)၊ ဘာကိုရှုရမလဲ. . . (သခ်ိတကိုသာ ရှုပေးရပါမယ်ဘုရား)။

သခ်ိတကိုသာ ရှုနေ၊ ရှုလို့ ဒီဉာဏ်ဟာ ရင့်ထက်မကရင့်လာတယ်ဆိုရင်ဖြင့် ကိုမြရွှေ ဘယ်ကူးမယ်ထင်သတုံး . . . (အသခ်ိတဘက် ကူးပါမယ်ဘုရား)၊ ခင်ဗျားတို့က ကူးခိုင်းလို့ ကူးတာလား၊ သူ့ဟာသူ ဉာဏ်ရင့်လို့ ကူးတာလား . . . (သူ့ဟာသူဉာဏ်ရင့်လို့ ကူးတာပါဘုရား)၊ သဘောပါပြီ . . . (ပါ, ပါပြီဘုရား)။

## ဒါပြောရလို့ ကျေနပ်သွားပြီ

ဒီတစ်လုံးပြောရတာနဲ့ ဘုန်းကြီးက အားလုံး တရားပွဲတစ်ပွဲလုံးရှိ ဆွေမျိုးဉာတကာ၊ မိဘတွေလို ဘဝက မတော်ဖူးတာ မရှိတဲ့ ပုဂ္ဂိုလ်တွေကို ဒီဥစ္စာကလေးနှစ်လုံး ပြောရတာကို အတော်ကျေနပ်သွားပြီ . . . (မှန်လှပါဘုရား)၊ ဘာပြုလို့ ဒီလောက်ကျေနပ်ရသတုံးလို့ မေးတဲ့အခါကျတော့ ကိုမြရွှေ ဒီကနေပြီး ဒီကူးတယ်ဆိုတဲ့ဥစ္စာဟာ နိဗ္ဗာန်သွားလမ်းက ဒါပဲရှိတာပဲ. . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (နိဗ္ဗာန်သွားလမ်းက ဒီလမ်းပဲရှိပါတယ်)၊ **သခ်ိတနဲ့ အသခ်ိတ** နိဗ္ဗာန်ရှိတာပဲ. . . (မှန်ပါ့)၊

သဘောကျပလား. . . (ကျပါပြီ)၊ ဒါကြောင့် ဘုရားက သခ်ီတဓမ္မဆိုတာ ဒီဘက်မှာကွ . . . (မှန်ပါ့)၊ သဘောပါပြီလား . . . (ပါ, ပါပြီ)၊ အသခ်ီတဓမ္မဆိုတာ ဒီဘက်မှာကွ . . . (မှန်ပါ့)၊ တရားနှစ်မျိုးပဲရှိတယ်ကွ၊ ဓမ္မသင်္ဂဏီမှာ ဟောထားတယ်. . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)၊ ဒီဘက်ကဘာတုံး . . . (သခ်ီတဓမ္မပါ)၊ သခ်ီတာဓမ္မာ၊ ဒီဘက်ကဘာတုံး. . . (အသခ်ီတဓမ္မပါဘုရား)။

အသခ်ီတဟာ နိဗ္ဗာန်ပဲဗျ. . . (မှန်ပါ)၊ ဒီဘက်က သခ်ီတ တွေဟာ ရှုကြည့်နိုင်မှ ပေါ်တဲ့ ဖြစ်ပျက်တွေကိုးဗျ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ ဉာဏ်သည်ရှေးဦးစွာ ပေါ်တဲ့အလှည့်က. . . (ဖြစ်ပျက်မြင်ရမယ်)၊ သဘောပါပလား . . . (ပါ, ပါတယ်ဘုရား)။

## နိဗ္ဗာန်ဆိုတာ ရှိနှင့်နေတာလား

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ ရှိနေတာလား၊ သူကရှိပြီးသကာလ ဒီဘက်က အသခ်ီတ စောင့်နေတာလား၊ အင်း. . . သူက ရှိနှင့်နေတာလား၊ အင်း . . . သူကပဲ အတိတ်သဘောနဲ့ ရှိနှင့်နေတာလား၊ ဘယ်လိုတုံး၊ ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနှင့်နေတာလား၊ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)၊ အတိတ်သဘောနဲ့ ရှိနှင့်နေတာ

လား၊ ပစ္စုပ္ပန်သဘောနဲ့ ယခုရှိနေတာလား၊ ဟာ. . . နောက်ကျမှ အနာဂတ်ကျမှပေါ်မှာလား သုံးချက်မေးရမယ်၊ ခင်ဗျားတို့ကို ဟုတ်လား. . . (မှန်ပါ)။

## နိဗ္ဗာန်သည်ယခုရှိဆဲလား

နိဗ္ဗာန်သည် အတိတ်က ရှိသလားလို့ မေးလို့ရှိရင် ဦးခင်မောင်တို့ မရှိဘူးပြောနော် . . . (မှန်ပါ)၊ သဘောကျ သလား. . . (ကျပါပြီ)၊ ပစ္စုပ္ပန်ယခုရှိသလား မေးရင်လဲ . . . (မရှိပါဘုရား)၊ မရှိဘူး၊ အနာဂတ်မှာ ရှိနေသလားလို့မေးရင် . . . (မရှိပါဘုရား)၊ မရှိဘူး ဒကာ ဒကာမတို့၊ အဲဒီတော့ ဒီလိုရှိတဲ့ တရားမဟုတ်ပါဘူး ဒကာ ဒကာမတို့ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဘယ်လိုရှိတဲ့ တရားလည်းဆိုလို့မေးရင်ဖြင့် . . . တဲ့၊ မိလိန္ဒမင်းကြီး ထည့်ပေးကြစို့ ဦးခင်မောင် . . . နော်. . . (မှန်လှပါ)၊ မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဆိုတာ ဒီလိုလား၊ အတိတ် ကရှိပြီးသားလားဘုရား၊ ယခုပစ္စုပ္ပန် ရှိဆဲလားဘုရား၊ နောက်မှ ပဲရှိလတ္တံ့သော တရားမျိုးလား ဘုရား. . . ဆိုတော့ ဒကာကြီး ဒီလိုမဟုတ်ဘူး ဖြေတာပဲ . . . (မှန်လှပါဘုရား)။

## ဝါးစိမ်းနှစ်လုံး

ဒီလိုမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ဒီ ဝါးစိမ်း ၂လုံး၊ ဒီဘက်က ဝါးစိမ်းလည်း တစ်တောင်လောက်ဖြတ် ဒကာသစ်ရေနော် . . . (မှန်ပါ)၊ ဒီဘက်က ဝါးစိမ်းလည်း တစ်တောင်လောက်ဖြတ်ပြီး ဝါး ၂လုံးကို ပွတ်ပါ၊ ဘယ်ဝါးလုံးမှ နဂိုတုန်းက မပွတ်ခင်တုန်းက ပူတတ်တဲ့မီးစ မပါဘူး၊ သူတို့မှာ ဘာမှ မရှိဘူး . . . (မှန်ပါဘုရား)၊ သူတို့မှာ ပါရဲ့လား . . . (မပါ, ပါဘုရား)၊ မပါဘူးဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား)။

## မသျှောတမ်းပွတ်ပေးစမ်းပါ

သို့သော် ခင်ဗျားတို့က မသျှောတမ်း ပွတ်ပေးစမ်းပါ၊ မီးထွက်မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဒီမီးဟာ ဝါးထဲမှာပါတာလား၊ အခုမှ အလုပ်, လုပ်လို့ပေါ်လာတာလား . . . (အခုမှလုပ်လို့ ပေါ်လာတာပါ)၊ အဲ. . . ခင်ဗျားတို့ဟာတဲ့ အလုပ်, လုပ်တဲ့ပုဂ္ဂိုလ်မှ သန်တပေါ်လာတာ၊ အလုပ်, မလုပ်တဲ့ ပုဂ္ဂိုလ်မှာ မပေါ်ဘူး၊ အလုပ်, လုပ်တဲ့ ပုဂ္ဂိုလ်မှာ သန်တ သိတဲ့ဉာဏ် . . . (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာရုံနဲ့မကျေနပ်ဘဲနဲ့ ဘုန်းကြီးက နားလည်အောင်လည်းပြောမယ်၊

လုပ်နည်းကိုလည်းပြောမှာ ကောန် မှတ်ပြီးသကာလ ညြော်. . . ဝါးလုံးပွတ်တာကို ဆရာဘုန်းကြီးကရော မိလိန္ဒမင်းကြီးက မေးလို့ ရှင်နာဂသိန်က ဖြေနည်းရော၊ ဝါးလုံး သူ့ဟာသူသာ ချထား၊ အေးနေတာပဲ၊ ဘယ်နည်းနဲ့မှ ဦးခင်မောင်အပူဓာတ် လာမှာမဟုတ်ဘူး၊ လာပါ့မလား . . . (မလာပါဘုရား)။

## မီးထွက်တဲ့အလုပ်က ဝါးအလုပ်

အဲ. . . ဦးခင်မောင် တစ်လုံးအောက်ကထား၊ တစ်လုံးကိုအပေါ်ကထားပြီး ပွတ်စမ်းဗျာ၊ ဘာဖြစ်လာမလဲ . . . (ပူလာပါလိမ့်မယ်)၊ ဒကာ ဒကာမတွေ ပူလာလိမ့်မယ် ဆိုတာ သေချာပလား. . . (သေချာပါပြီ)၊ ကဲ. . . ဒကာ ဒကာမတွေ အလုပ်က ဘာပါလိမ့်. . . (ပွတ်တဲ့အလုပ်ပါ)၊ မီးထွက်တဲ့အလုပ်က ဘာပါလိမ့်. . . (ဝါးအလုပ်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ဟာလည်း သစ္စာ ဒုက္ခတွေသာ ဖြိုင်ဖြိုင်ကြီး ရှုပေးကြပါ၊ အဲဒီလို ရှုပေးရင် ဝိပဿနာဉာဏ် ရင့်ရင့်လာမယ်၊ ဝိပဿနာ ဉာဏ်ရင့်ရင့်လာတာကို ဘာဆိုကြမလဲ. . . (ပူလာတာပါ)၊ မီးထွက်တော့မလို့ ပူတာနဲ့ မတူဘူး လား. . . (တူပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် တတ်နိုင်သမျှ ဦးခင်မောင်ကဖြစ်စေ၊ ကိုမြရွှေကဖြစ်စေ၊ ဒကာသစ်ကဖြစ်စေ၊ တတ်နိုင်သလောက်

တိုက်လိုက်တော့ မီးထတောက်တဲ့ အခြေအနေရောက်တော့ တစ်ခါတည်း မီးတွေထ,တောက်တာပဲ. . . (မှန်လှပါဘုရား)၊ မတောက်ဘဲနေပါ့မလား. . . (တောက်ပါတယ်)၊ ကိုင်း . . . နဂိုကဝါးထဲမှာ မီးပါလို့လား. . . တဲ့၊ လုပ်သော ပုဂ္ဂိုလ်၏ လုံ့လ ပယောဂထက်သန်မှုကြောင့်လား. . . (လုပ်သော ပုဂ္ဂိုလ်၏ လုံ့လ ပယောဂထက်သန်မှုကြောင့်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပွတ်ပါများလို့ ပူပြီးမီးထွက်

ဒါဖြင့် ဝါးထဲမှာ မီးမပါ၊ ပွတ်ပါများလို့ပူ၊ ပူဖန်များလို့ မီးဖြစ်၊ ဒီအတိုင်းမနေဘူးလား. . . (နေပါတယ်ဘုရား)၊ ဒီမှာလည်း ခင်ဗျားတို့ သစ္စာ တရားကို ဒီဉာဏ်ကလေးနဲ့ အမြဲတမ်းသာရှု၊ ရှုတာနဲ့ ပူလာတာနဲ့ အတူတူပဲ၊ မီးထွက်တော့ မလို့ဆိုတာ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ရှုနိုင်သရွေ့ ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဟောဒီတရားဟာ ဝိပဿနာမဂ်က လောကုတ္တရာမဂ်ဖြစ်ပြီးသကာလ တစ်ခါတည်းမီးထတောက် တာနဲ့ ဦးခင်မောင်. . . အတူတူဖြစ်တယ်. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဆုတောင်း အလုပ်လားတဲ့၊ သစ္စာ တရားကို ရှုကြည့်ရမည့်

အလုပ်လားတဲ့. . . (သင်္ခတ တရားကို ရှုကြည့်ရမည့် အလုပ်ပါဘုရား)၊ သင်္ခတ တရား ရှုလိုက်လို့ရှိရင် မီးဟာ ပူထွက်လာတာပဲ. . . (မှန်ပါ့ဘုရား)။

## မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်

အသင်္ခတဘက် ကူးတော့မယ်ဆိုရင် မီးတွေ တောက်လာတယ်. . . (မှန်လှပါဘုရား)၊ အသင်္ခတဘက် ကူးတော့မယ်ဆိုရင်. . . (မီးတောက်လာပါတယ်)၊ မီးတောက်လာတယ်ဆိုတာလည်း မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန် က ဖြေတာပါလားဆိုတာလည်း သေသေချာချာ မှတ်ကြပါ။ ဒါဟာ ပါဠိအကိုးအကားရွတ်ပြီး ပြောနေတယ်လို့ ဒီလိုမယူကြနဲ့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယနေ့ပြောစရာရှိတဲ့အချက်က ဒီနှစ်လုံးပဲ ပြောစရာရှိနေတော့ တပည့်တော်တို့ နိဗ္ဗာန် ရောက်ချင်တယ်ဘုရား၊ ဘယ့်နှယ်များလုပ်ရပါမတုံး၊ ကဲ. . . တရားတစ်ပွဲလုံးက မမေးပေဘူးလား . . . (မေးပါတယ်ဘုရား)၊ နိဗ္ဗာန် ရောက်ချင်တယ်ဘုရား. . . တပည့်တော်တို့ **အိုရ, နာရ, သေရ, မွေးရ** ဆိုတဲ့ ဒုက္ခတွေက တပည့်တော်တို့ ကိုယ်တိုင် မြင်နေရပြီ၊ တပည့်တော်တို့ နိဗ္ဗာန်ရောက်မှ အေးမယ်လို့ ဟောကြတယ်၊ ဟောတဲ့အတိုင်းပဲ

နိဗ္ဗာန်ရောက်မှပဲ နေရာကျမှာပဲ၊ တပည့်တော်တို့ နိဗ္ဗာန် ရောက်ချင်တယ်ဘုရားဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ဟာ ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ တိုက်ရိုက်မရောက်နိုင်ဘူး . . . (မှန်ပါ)။

သစ္စာတဘက်ကို ဉာဏ်လှည့်ပြီးမှ အသစ္စာတဘက်ကို ဉာဏ်ရောက်မှာပဲ. . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒီဉာဏ်သည် ရှေးဦးစွာ ဘယ်လှည့်ရမလဲ . . . (သစ္စာတဘက်လှည့်ရပါမယ်) သစ္စာတဘက်ကို လှည့်လို့ ရင့်သန်တော့မှ ဘယ်လှည့်ရမလဲ. . . (အသစ္စာတဘက်ကို လှည့်ပါမယ်ဘုရား)။

ကဲ. . . ဒါဖြင့် **နာမရူပ ပရိစ္ဆေဒကျမ်း**မှာ. . .

**ပရိပက္ကာ ကမေနေဝံ၊**
**ပရိဘာဝိတ ဘာဝနာ၊**
**ပရိစ္စတ္တိ သဒ္ဓါရေ**
**ပဏ္ဍိတ္တိ အသစ္စာတော။**

## နာမရူပ ပရိစ္ဆေဒကျမ်း (ဂါထာအမှတ် ၁၇၇)

ပရိပက္ကာ ကမေနေဝံ၊ မင်း အခုအတိုင်း ရင့်ကျက် အောင် လုပ်စမ်းပါတဲ့၊ ပရိဘာဝိတ ဘာဝနာ၊ ပွားတာဟာ သိမ်းပြီတဲ့၊ သစ္စာတ တရားဖြစ်ပျက်ကို ရှုသာနေတဲ့ ဒကာ

ဒကာမတို့ ပွားသာနေတဲ့၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ ဖြစ်ပျက်တွေ ဘာလုပ်နေမယ်. . . (ပွားနေရပါမယ်ဘုရား)၊ ပွားနေပါတဲ့ **ပရိပက္ကာ ကမေနေ**ဝံ၊ သူဟာ ရင့်ကျက်လာပါလိမ့်မယ်တဲ့. . . (မှန်လှပါ)။

**ပရိဘာဝိတ ဘာဝနာ**၊ နောက်ကျတော့ ဘာဖြစ်သတုံးဘုရားတဲ့၊ ဒါတွေ ရင့်ကျက်လာတယ်. . . (မှန်ပါ)၊ **ပရိစ္စဇန္တိ သခ်ိဳရေ**၊ ဟောဒီ သခ်ိဳရတွေကို ဟောဒီဉာဏ်က စွန့်လိမ့်မယ်ကွ တဲ့၊ မခင်တွယ်တော့ဘူး. . . (မှန်လှပါ)၊ ဒီသခ်ိဳတဒုက္ခတွေကို. . . (စွန့်မယ်)၊ စွန့်သွားမယ်. . . (မှန်ပါ)၊ စွန့်သွားတော့ **ပက္ခန္ဒန္တိ အသခ်ိတေ**၊ ဒီဘက်ကူးလာလိမ့်မယ်ကွတဲ့. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## သူ့ဟာသူအသခ်ိတဘက်ကူးသွားတယ်

သခ်ိတဒုက္ခစွန့်ပြီး ဘယ်ဘက်ကို ကူးမလဲ. . . (အသခ်ိတဘက်ကူးပါမယ်)၊ ဟော ခင်ဗျားတို့ ရှုနေတဲ့ ဉာဏ်ဟာ ပထမ ဒီဘက်ကိုလှည့်နေတယ်၊ မဂ္ဂင်သည် ပထမတော့ သခ်ိတဒုက္ခဖြစ်ပျက်ဘက်မလှည့်ဘူးလား. . . (လှည့်ပါတယ်)၊ ရင့်ကျက်လာတော့ အသခ်ိတဘက် သူ့ဟာသူ လှည့်သွားတယ်. . . (မှန်လှပါ)၊ ခင်ဗျားတို့က ဆုတောင်းရတာလား၊ သူ့ဟာသူ လှည့်တာလား. . . (သူ့ဟာသူ လှည့်သွားတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်က ဘာလုပ်ပါလိမ့်မတုံး. . . လို့ ဘုန်းကြီးကမေးတော့ ခင်ဗျားတို့အလုပ်ဟာ သမ္မာဒိဋ္ဌိဘက် လှည့်ဖို့က ခင်ဗျားတို့တာဝန်. . . (မှန်လှပါ)၊ နိဗ္ဗာန်ဘက်လှည့် ဖို့ အလုပ်က မဂ်၏တာဝန်. . . (မှန်လှပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ခင်ဗျားတို့အလုပ်က ဘာတုံး. . . (သမ္မာ ဒိဋ္ဌိဘက်လှည့်ဖို့ပါ)၊ သမ္မာဒိဋ္ဌိအလုပ်ကိုပဲ ရှေးဦးစွာ မဂ္ဂင် ငါးပါးနဲ့ လှည့်နေဖို့လိုတယ်. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ နောက်ကျတော့ မဂ်က ကျုပ်ကို နိဗ္ဗာန်ပို့ပေးပါလို့ ဆိုရမှာလား၊ သူ့ဟာသူ နိဗ္ဗာန်ဆီလှည့်သွားတာလား. . . (သူ့ဟာသူ နိဗ္ဗာန်ဆီလှည့်သွားတာပါဘုရား)၊ ဒါဖြင့် ခင်ဗျား တို့ ဉာဏ်က နိဗ္ဗာန်ဘက်လှည့်သွားတာပဲ. . . (မှန်လှပါ ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဒါဖြင့် ဦးခင်မောင် နိဗ္ဗာန် ရောက်ချင်လို့ရှိရင်ဖြင့် ဉာဏ်ကို ရှေးဦးစွာ ဘယ်ဘက်လှည့် ရမယ်. . . (သမ္မာဘက်လှည့်ရပါမယ်ဘုရား)။

## သမ္မာဒိဋ္ဌိဘက်ဉာဏ်လှည့်ထားပါ

အဲ. . . သမ္မာဒိဋ္ဌိဘက် လှည့်ပြီးသကာလ ဒကာ ဒကာမတွေလှည့်ထားပါတဲ့၊ ဩော်. . . သမ္မာဒိဋ္ဌိ၊ ဩော် . . . သမ္မာဒိဋ္ဌိပဲ၊ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်ပဲလို့ သိနေတာဟာ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက်ပဲလို့သာ ဒကာ ဒကာမတွေက သိနေစမ်း

ပါ။ ထိုကဲ့သို့ သိနေတော့ ဟောဒီဥစ္စာ ရင့်ကျက်မလား၊ မရင့်ကျက်ဘူးလား. . . (ရင့်ကျက်ပါမယ်ဘုရား)၊ ဉာဏ်လေ . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်သည်ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရား

အဲ. . . ရင့်ကျက်လာတဲ့အခါကျတော့ သူသည် သစ်္စာတဘက်ကနေပြီးတော့ ဘယ်ဘက်ကူးမယ်ထင်သတုံး . . . (အသစ်္စာတဘက်ကူးပါမယ်)၊ ခင်ဗျားတို့က အကူးခိုင်းလို့ ကူးတာလား၊ ရင့်လို့သူ့ဟာသူကူးတာလား. . . (ရင့်လို့ သူ့ဟာသူ ကူးတာပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့တရားသည် ဒကာ ဒကာမတို့ ကိုယ်ကအပို့ခိုင်းလို့ ရောက်တဲ့တရားလား၊ ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရားလား. . . (ဉာဏ်ရင့်မှ ဉာဏ်လှည့်သွားတဲ့တရားပါဘုရား)။

အေး. . . ဒီတရားဟာ ဒကာ ဒကာမတို့ ဒီကနေ့ တရားဟာ သိပ်ပြီးတော့ မများဘဲနဲ့ ဩော်. . . လိုရင်း ဒါပါ ကလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ)၊ မပေါ်ကြဘူးလား . . . (ပေါ်လာပါတယ်ဘုရား)၊ လိုရင်းကဖြင့် ဒါပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတွေ၏ အလုပ်က ဘာအလုပ်ပါလိမ့်. . . (သစ်္စာရှုဖို့ ပါဘုရား)။

## ဆုတောင်းလို့ရင့်လာတာလား

ဟော. . . သခ်တဘက် ဒီဉာဏ်လှည့်ပေး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ခင်ဗျားတို့ အလုပ်က ဘာပါလိမ့်. . . (သင်္ခတဘက်ဉာဏ်လှည့်ရပါမယ်)၊ သင်္ခတ ဘက်ဉာဏ်လှည့်ပေး၊ ရင့်လာလိမ့်မယ်တဲ့၊ လှည့်ဖန်များတော့ ဖြစ်ပျက်တွေ မြင်လာလိမ့်မယ်၊ ဖြစ်ပျက်တွေ ဒုက္ခသစ္စာ လှည့်ပေး၊ ရင့်လာလိမ့်မယ်. . . (မှန်ပါဘုရား)၊ ခင်ဗျားတို့ ဆုတောင်းလို့ ရင့်လာတာလား၊ မြင်ဖန်များလို့ ရင့်တာလား . . . (မြင်ဖန်များလို့ ရင့်တာပါဘုရား)။

ကဲ. . . ရင့်ထက်မက ရင့်တဲ့အဆုံးကျတော့ ခင်ဗျားတို့ ရှုနေတဲ့ဉာဏ် ဘယ်ဘက်လှည့်မတုံး. . . (အသခ်တဘက် လှည့်ပါမယ်ဘုရား)၊ ကဲ. . . ခင်ဗျားတို့ ဆုတောင်းကြောင့် လှည့်တာလား၊ ရင့်လို့လှည့်သွားတာလား. . . (ရင့်လို့ လှည့်သွားတာပါဘုရား)၊ ဒါဖြင့် ကိုရွှေမြ ဩော်. . . မီးထွက် လာတာ ပူလို့ မီးထွက်လာတယ်. . . (မှန်လှပါဘုရား)၊ ဘယ့်နှယ်ဆိုကြမယ်. . . (ပူလို့မီးထွက်တာပါဘုရား)။

မီးထွက်လောက်အောင် ပူလို့. . . (မှန်ပါ့ဘုရား)၊ မီးထွက်လောက်အောင် မပူသေးလို့ရှိရင် မီးကို မတောက်သေး ဘူး. . . (မှန်ပါ)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် မီးထွက် လောက်အောင်ပူရင် ဘာဖြစ်မယ်ထင်သတုံး. . . (မီးထွက် ပါတယ်)။

## မဂ္ဂင် (၅) ပါးက (၈) ပါးဖြစ်တယ်

အဲ. . . . . ထိုနည်းအတူပဲ၊ ခင်ဗျားတို့အလုပ်က မီးပွတ်နေဖို့ အလုပ်ပါ. . . (မှန်ပါ့)၊ ဒါဖြစ်ပျက်ရှုနေဖို့ အလုပ်ပါ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ မီးထွက်လောက်အောင် ပူလာပြီ၊ မီးထွက်လောက်အောင် ရင့်လာပြီ ဆိုလို့ ရှိရင်ဖြင့် ဒီဉာဏ်သည် မဂ္ဂင်ငါးပါးက ရှစ်ပါး မဖြစ်ပါနဲ့ဆိုလို့ ရပ့ါမလား. . . (မရပါဘုရား)၊ မီးထွက်လာတာပဲ၊ မီးထွက်လာတာနဲ့ တစ်ပြိုင်နက် အသခ်ိတဘက် မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ အလုပ်,လုပ်နေတုန်းက သခ်ိတဘက်ချည်း လှည့်တယ်လို့မှတ်ပါ. . . (မှန်ပါ့)၊ မဂ္ဂင် ငါးပါးက သူတို့ အားပြည့်လာတဲ့ အခါကျလို့ ရှိရင်ဖြင့်တဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ရော၊ တစ်ခါတည်း အသခ်ိတဘက် လှည့်သွားတယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မိလိန္ဒပဉ္စာမှာလည်း လာတယ်၊ ပြီးတော့ အင်္ဂုတ္တိုရ်မှာလည်း လာတယ်. . . (မှန်ပါ့ဘုရား)။

## အနိစ္စတွေဘက်လှည့်ရမယ်

ဒကာ ဒကာမတို့ သခ်ိတ တရား၏ဖြစ်စဉ်နဲ့ အသခ်ိတ တရား၏ဖြစ်စဉ်ဆိုတာ အင်္ဂုတ္တိုရ်မှာလည်း သေသေချာချာ လာသောကြောင့် ဒကာ ဒကာမတို့၏ တာဝန်သည် ရှေးဦး

စွာ ဘယ်ဘက်လှည့်ရမလဲ. . . (သန်တဘက်လှည့်ရပါမယ်) ဒီဘက်က ဒကာတွေ ဘယ်ဘက် လှည့်ကြမယ်. . . (သန်တဘက်လှည့်ပါမယ်ဘုရား)၊ သန်တ တရားဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲဖြစ်ပျက်တွေနော်. . . (မှန်ပါ့)၊ အနိစ္စကလေးတွေ ဘက်ကိုလှည့်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဘယ်ဘက်လှည့်ရမယ်. . . (အနိစ္စဘက်ကိုလှည့်ရမယ်)၊ ကဲ. . . လှည့်တဲ့ဉာဏ် ရင့်လာတော့ကိုတဲ့ ဒီဉာဏ်တွေ ဘယ်ဘက်လှည့်သွားသလဲ. . . (အသန်တဘက်လှည့်သွားပါတယ်)၊ ခင်ဗျားတို့က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်အမြင်ကိုက လှည့်တာလား . . . (ဉာဏ်အမြင်ကိုက လှည့်တာပါဘုရား)၊ ခင်ဗျားတို့ လှည့်ထားတာက သန်တဘက် လှည့်ထားတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ခင်ဗျားတို့လှည့်ထားတာက. . . (သန်တဘက် လှည့်ထားတာပါဘုရား)၊ သန်တဘက် လှည့်ထားတယ်၊ ရင့်တော့ သူ့ဟာသူ ဘယ်ဘက်လှည့်သတုံး. . . (အသန်တဘက်လှည့်ပါတယ်)၊ အသန်တ နိဗ္ဗာန်ဘက် မလှည့်ဘူးလား. . . (လှည့်ပါတယ်ဘုရား)။

## ဉာဏ်ကသူ့သဘောနဲ့သူလှည့်တာ

အဲ. . . အသခ်တဘက် နိဗ္ဗာန်ဘက် လှည့်သွားတယ်ဆိုတော့ ဩော်. . . ဉာဏ်သည်ကားလို့ဆိုရင် ဘယ်သူမှ စိုးပိုင်မှုမရှိပါကလား၊ သူ့သဘောနဲ့ သူလှည့်တာပါကလားဆိုတာမပေါ်လာဘူးလား. . . (ပေါ်လာပါတယ်)၊ ဦးခင်မောင်ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့ဖြင့် **သခ်တ အသခ်တ** ကူးဖို့ နားလည်ပလား. . . (နားလည်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဘက်မှာ ဉာဏ်နဲ့ ကြိုးစားခဲ့လို့ရှိရင် ဖြစ်ပျက် မရှိတဲ့ဘက် ကူးလိမ့်မယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ မကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ. . . (မကူးပါ)၊ မကူးပါဘူး ဆိုတာကော သေချာပလား. . . (သေချာပါပြီဘုရား)။

## ပွတ်တဲ့ပုဂ္ဂိုလ်၏လုံ့လကြောင့်

ဒါဖြင့် ခုနင်က ဝါးနှစ်လုံးထဲမှာ ဒကာ ဒကာမတို့သိတဲ့အတိုင်း ဘယ်အလုံးထဲမှ မီးမပါဘူး. . . (မပါ,ပါဘုရား)၊ ပွတ်တဲ့ ပုဂ္ဂိုလ်၏ လုံ့လကြောင့် ဝါးနှစ်လုံး ပူ,မပူ. . . (ပူပါတယ်ဘုရား)၊ မီးမထွက်ခင် ပူတဲ့အပူသည် သခ်တဘက်လှည့်တဲ့ဉာဏ်နဲ့ တူပါတယ်. . . (မှန်ပါ့ဘုရား)၊ မီးထွက်အောင်ပူလာတဲ့ အပူသည်ကားလို့ဆိုရင် နိဗ္ဗာန်ဘက် လှည့်တဲ့

ဉာဏ်နဲ့ တူပါတယ်. . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါ, ပါပြီဘုရား)။

ဒါဖြင့်. . . ဒကာ ဒကာမတို့ အလုပ်, လုပ်တတ်ပလား . . . (လုပ်တတ်ပါပြီ)၊ ဒီအထဲ ဘာဂဏန်းပဲ ပေါ်နေနေ သခ်ာတဘက် လှည့်နေတာသာမှတ်. . . (မှန်ပါ့)၊ ဒီကြားထဲက ဖြစ်ပျက်မြင်လည်း ဉဒယဗ္ဗယဉာဏ်က သခ်ာတဘက်လှည့်တာပဲ၊ ဘင်္ဂ, မြင်လည်း သခ်ာတဘက် လှည့်တာပဲ၊ ဘယ, မြင်ကော . . . (သခ်ာတ ဘက်လှည့်တာပဲ)။

## သင်္ခါတသာစိုက်ရှုပါ

အာဒီနဝ, မြင်ရင်ကော. . . (သခ်ာတဘက်လှည့်တာပဲ)၊ အင်း. . . နာမရူပ ပရိစ္ဆေဒကျမ်းကတော့ ရှေးဦးစွာကွာ. . . သခ်ာတဘက်လှည့်နေတာ၊ တော်တော်ကြာ အသခ်ာတဘက် ဒီဉာဏ်ကူးသွားမှာပါပဲဆိုတာ အင်မတန်ရှင်းရှင်းလင်းလင်းပြသောကြောင့် အင်္ဂုတ္တိုရ်ကလည်း ရှင်းရှင်းလင်းလင်း ပြသောကြောင့် ခင်ဗျားတို့ ဉာဏ်စဉ်တွေကို မလိုချင်လဲ နေပါတော့၊ သခ်ာတသာ စိုက်ရှုပါ. . . (မှန်လှပါဘုရား)၊ သဘောပါကြလား. . . (ပါ, ပါပြီဘုရား)။

သခ်ာတသာ စိုက်ကြည့်လိုက်လို့ရှိရင် သခ်ာတသိတဲ့ ဉာဏ်ရင့်မှ ကိုမြရွှေ. . . ဘယ်ဘက်လှည့်မယ်. . . (အသခ်ာတဘက် လှည့်ပါမယ်)၊ ခင်ဗျားတို့က လှည့်ချင်လို့ လှည့်တာလား၊

ဉာဏ်ရင့်လို့လှည့်သွားတာလား. . . (ဉာဏ်ရင့်လို့ လှည့်သွားတာပါဘုရား)။

ဒါဖြင့် မီးထွက်လောက်အောင် ပူလို့မီးဖြစ်တာပေါ့ . . . (မှန်ပါ့ဘုရား)၊ မီးက ထွက်လောက်အောင် မပူလို့. . . (မီးမထွက်ပါ)၊ မီးက ထွက်လောက်အောင် မပူရင်. . . (မီးမထွက်ပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ အလုပ်သည်ကားလို့ ဆိုရင် ဒကာ ဒကာတို့ မီးထွက်အောင် ပူအောင်လုပ်ဖို့ပဲ. . . (မှန်ပါဘုရား)၊ မဟုတ်ဘူးလား. . . (မှန်ပါ့ဘုရား)။

## အသစ်တကူးနိုင်ရင်နိဗ္ဗာန်ရမယ်

မီးထွက်လောက်အောင် ပူအောင်လုပ်လို့ရှိရင် မီးဖြစ်ပါစေလို့ ဆုတောင်းရမှာလား. . . (မတောင်းရပါဘုရား)၊ သူ့ဟာသူ မီးထွက်လာမယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)၊ ဒါကြောင့် ဒကာ ဒကာမတို့ သစ်တက အသစ်တကူးအောင် လုပ်နိုင်လို့ရှိရင် ဒီဘဝ နိဗ္ဗာန်ရတာပဲ ဆိုတာဒါပါပဲ. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . နာရီစေ့ပြီ၊ ယနေ့ဒီတွင် တော်ကြဦးစို့. . .။

သာဓု. . . သာဓု. . . သာဓု. . .။